ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပို့တွဲလကွယ်၊ ကြာသပတေးနေ့၊ (15-2-2007) (၅၂၃၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဆားဗီးယားသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဗီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ်စ် တာဒစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း
ဆားဗီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ
ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဆားဗီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗိုဂျေဆလာ့ဗ် ကိုစတူနီကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်ရှိ ဒဂုံတံတား တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ
ငမိုးရိပ်တံတား(ကမာကြည်)နှင့် ဒဂုံတံတားတည်ဆောက်ရေး
စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်(အရှေ့ပိုင်းခရိုင်) သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကမာကြည်လမ်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား(ကမာကြည်)နှင့် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဒဂုံတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ပေါက်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ မကွေးတိုင်း ပေါက်၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား ၁၀၀-၀၀၊ လှိုင်းနှုန်း ၈ ဖြင့် ဖေဖော်ဝါရီ ၇ ရက် ညနေပိုင်းအစီအစဉ်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာ ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၅–၂–၂၀၀၇
(ကြာသပတေးနေ့)

ဆည်တမံနှင့်ရေအားလျှပ်စစ်စီမံကိန်းများ စုဖွဲ့တည်ဆောက်

ပဲခူးတိုင်း၏ ပထဝီအနေအထားကိုကြည့်လျှင် ပဲခူးရိုးမ တောင်တန်းနှင့်ရိုးမ၏ တစ်ဖက်တစ်ချက်တွင် စစ်တောင်းမြစ်နှင့် မြစ်မခမြစ်တို့ စီးဆင်းလျက်ရှိရာ မြစ်ဝှမ်းတစ်လျှောက်၌ စိုက်ပျိုးမြေများပြားစွာ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ သို့သော် အဆိုပါ မြစ်ဝှမ်းများနှင့် ဆက်စပ်ဒေသများတွင် ရေကြီးရေလွှမ်းမိုးမှုများရှိနေသဖြင့် စိုက်ပျိုးမြေများ အပြည့်အဝအသုံးပြုနိုင်ခြင်း မရှိသေးပေ။

နိုင်ငံတော်က ပဲခူးတိုင်းအတွင်း တည်ရှိနေသည့် ရေမြေသဘာဝအရင်းအမြစ်များကို အခြေခံပြီး ဆည်တမံများနှင့်အတူ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ ပဲခူးတိုင်းအတွင်း ဆည်တမံလုပ်ငန်းပေါင်း ၄၂ ခုကို အကောင်အထည် ဖော်ခဲ့ရာ စိုက်ပျိုးမြေဧက ခုနစ်သိန်းကျော်ကို အကျိုးပြုနေပြီဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်းဒေသတွင်လည်း ခပေါင်း၊ ကွန်းချောင်း၊ ရွှေကျင်၊ ရဲနွယ်စသည့် ဆည်တမံများနှင့် တွဲဖက်ထားသော ရေအားလျှပ်စစ်စီမံကိန်းများကို စုဖွဲ့တည်ဆောက်လျက်ရှိသည်။ ယင်းတို့အနက် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါစီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီး လယ်မြေဧကတစ်သိန်းကျော်ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။

ထို့အတူ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရေအားလျှပ်စစ် မဂ္ဂါဝပ် ၃၀ ထုတ်ယူရရှိပြီး လယ်မြေဧက တစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ကွန်းချောင်းစီမံကိန်းသည်လည်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ ထုတ်ယူရရှိပြီး လယ်မြေဧက တစ်သိန်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ဘက်စုံစီမံကိန်းဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းတွင် ပါဝင်သည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကိုလည်း လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ထုတ်ယူပြီး ဓာတ်အားဖြန့်ဖြူးသွားရန် တည်ဆောက်လျက်ရှိသည်။

ယခုအခါ စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် ရေကြီးကွင်းများ၌ စိုက်ပျိုးမြေများဖော်ထုတ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ဆည်ရေသောက်စနစ်နှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ သတ်မှတ်ချိန်ထက် စောစီးစွာ တည်ဆောက်ပြီးစီးလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးပြီး စားနပ်ရိက္ခာဖူလုံပိုလျှံမှုနှင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်း အကျိုးပြုလာနိုင်မည် ဖြစ်ပါသည်။ ။

ဦးတုတ်ကြီး(၈၃)နှစ်ပြည့်–ဒေါ်သန်းရွှေ(၇၉)နှစ်ပြည့် မွေးနေ့အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မကြီးကြီးလမ်း (ဗဟိုလမ်း)နေ သားသမီး မြေးမြစ်တစ်စု (စိန်ငါးလုံးဖိနပ်လုပ်ငန်း၊ ပုလဲဖိနပ်ဖြန့်ချိရေး)က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိုးချဲ့တိပိဋက ကျောင်းတော်ကြီး အတွက် ငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူ့သဘောထား

ဒလမြို့နယ် ပျော်ဘွယ်ကြီးစံပြကျေးရွာ ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပျော်ဘွယ်ကြီးစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ပျော်ဘွယ်ကြီး စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒလမြို့နယ် ပျော်ဘွယ်ကြီး စံပြကျေးရွာ ညောင်ပင်သာ ကျောက်ချောလမ်းနှင့် ကျေးရွာတွင်း ဂဝံလမ်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုးနှင့် ပျော်ဘွယ်ကြီး စံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယ မြို့တော်ဝန်တို့သည် ပျော်ဘွယ်ကြီး စံပြကျေးရွာ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးက သုတ၊ ရသစာအုပ်မျိုးစုံကို စာကြည့်တိုက် တာဝန်ခံထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပျော်ဘွယ်ကြီး စံပြကျေးရွာနှင့် ရွှေလှေချောင်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၁၀၀၊ အကျယ် ၁၂ ပေရှိ သံကူကွန်ကရစ်တံတား ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ရွှေလှေချောင်း တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပျော်ဘွယ်ကြီးစံပြ ကျေးရွာ တိုက်နယ်ဆေးရုံအတွက် တိုင်းမှူးက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် ဒုတိယ မြို့တော်ဝန်က ငွေကျပ် ၁၂ သိန်းတို့ကို တိုက်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကိုဦးထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စေတနာရှင် အလှူရှင်များက တိုက်နယ်ဆေးရုံဆေးပဒေသာ ပင်အတွက် အလှူငွေကျပ် ၂၇ သိန်းကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ယင်းနောက် တိုင်းမှူးက ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် လိုအပ်သည်များ မှာကြားပံ့ပိုးဖြည့်ဆည်းပေးသည်။

အဆိုပါ စပါးခွံဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို နေ့စဉ် ညနေ ၆ နာရီမှ ည ၁၀ နာရီခွဲအထိ မောင်းနှင်၍ ကျေးရွာရှိ အိမ်ခြေ ၂၀၀ ကို လျှပ်စစ်မီး ဖြန့်ဖြူးပေးလျက်ရှိသည်။ အဆိုပါ ဓာတ်အားပေးစက်ကို ဒီဇယ်ဆီဖြင့် စက်မောင်းချိန် လေးနာရီခွဲအတွက် ဒီဇယ်ဆီ ရှစ်ဂါလန်ခန့်ကုန်ကျပြီး စပါးခွံဖြင့် မောင်းနှင်ပါက စပါးခွံတင်း ၄၀ ခန့် ကုန်ကျမည်ဖြစ်သည်။ စပါးခွံ တစ်တင်း၏ဈေးနှုန်းမှာ ငွေကျပ် ၁၀၀ သာဖြစ်သောကြောင့် ဒီဇယ်ဆီထက် ကုန်ကျစရိတ်များစွာ သက်သာသည်ဖြစ်ရာ နိုင်ငံတော်၏ စက်သုံးဆီ ချွေတာမှုကို အထောက်အကူပြုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ် (၁၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး၏ (၁၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်းတွင် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားမစတင်မီ ညနေ ၄ နာရီတွင် စေတီတော်ရင်ပြင် အရှေ့ဘက် ဘုရားသုံးဆူတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များက ဂေါပကအဖွဲ့ ဩဝါဒါစရိယ အောင်ဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တအာစရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ညနေ ၅ နာရီတွင် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို စေတီတော် တောင်ဘက်မုခ်ဦးရှေ့၌ ကျင်းပရာ အလှည့်ကျဂေါပကအဖွဲ့ သဘာပတိ ဦးအေးကိုက အမှာစကား ပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမြင့်၊ စေတီတော် အလှည့်ကျ ဂေါပကအဖွဲ့ သဘာပတိ ဦးအေးကိုနှင့် အလှည့်ကျဂေါပက ဦးသိန်းစိုးတို့က ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၅ ရက်အထိ ပျော်ပွဲရွှင်ပွဲ၊ ဈေးပွဲတော်များဖြင့် စည်ကားစွာ ကျင်းပလျက်ရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဖခင် ဦးအေးလွင်နှင့် မိခင်ဒေါ်မမကြီးတို့အား ရည်စူး၍ "လွင်"မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်ကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄)အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးခင်သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မမိုးမြင့်ဇွန်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

❖ ရှေ့ဖုံးမှ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မွန်းလွဲ ၂ နာရီတွင် ငမိုးရိပ်တံတား (ကမာကြည်) ဆောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်က ငမိုးရိပ်တံတား(ကမာကြည်)တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်လမ်းများ ဆက်သွယ်ဆောင်ရွက်ထားရှိမှု၊ သတ်မှတ်ချိန်အတွင်းဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက လေးလမ်းသွားလမ်းများအပေါ် ကတ္တရာခင်းကျင်းဆောင်ရွက်နေမှုနှင့် ပြီးစီးမှုတို့ကိုလည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက သာကေတဘက်ကမ်း၌ ကမ်းနားပတ်လမ်းများ ဖောက်လုပ်ဆောင်ရွက်နေမှုနှင့် ရေမြောင်းများ ဖောက်လုပ်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ စီမံကိန်းအင်ဂျင်နီယာမှူး ဦးဟန်စိုးက စီမံကိန်းတစ်ခုလုံး၏ ၉၆ရာခိုင်နှုန်းပြီးစီးမှုတို့ကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်ရေး အတွက် အချောသပ်လုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊ လေးလမ်းသွားကတ္တရာလမ်းများကိုလည်း တံတားကြီးပြီးစီးမှုနှင့်အတူ စံချိန်စံညွှန်းမီပြီးစီးရေး၊ သုဝဏ္ဏမြို့နှင့်သာကေတမြို့ဘက်ရှိ ချဉ်းကပ်တံတား၌ ရေပိုက်လိုင်းသွယ်ခြင်းနှင့် ရေမြောင်းများဖောက်လုပ်ခြင်းလုပ်ငန်းများကိုလည်း တစ်ချိန်တည်းပြီးစီးအောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရေမြောင်းများ တည်ဆောက်ပြီးစီးမှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ဆောင်ရွက်လျက်ရှိသည့် ၁၆ လက်မပိုက်လိုင်းဖြင့် ရေသွယ်ရန် စက်ယန္တရားကြီးများဖြင့် စီစဉ်ဆောင်ရွက်နေမှု၊ ငမိုးရိပ်တံတား(ကမာကြည်)ကို သတ်မှတ်ကာလအတွင်း ဖွင့်လှစ်နိုင်ရေးအတွက် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သာကေတမြို့နယ်ဘက်ကမ်း၌ လေးလမ်းသွားလမ်းပိုင်းများ ခင်းကျင်းဆောင်ရွက်ပြီးစီးမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ငမိုးရိပ်တံတား(ကမာကြည်)သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏမြို့နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်၍ ငမိုးရိပ်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားပြီး တံတားအရှည် ပေ ၉၇၀၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လူသွားလမ်းအကျယ် သုံးပေစီရှိသည်။

သုဝဏ္ဏမြို့နှင့် သာကေတမြို့ ဆက်သွယ်သော ငမိုးရိပ်တံတား (ကမာကြည်) တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

တံတားအောက် ရေလမ်းကင်းလွတ်နယ်အကျယ် ၆၅ ပေနှင့် အမြင့် ၁၁ ပေရှိပြီး ခွင့်ပြုယာဉ်အလေးချိန် တန် ၆၀ ဖြစ်သည်။

တံတားချဉ်းကပ်လမ်းမှာ သုဝဏ္ဏမြို့ဘက်၌ ပေ ၅၂၀ နှင့် သာကေတမြို့နယ်ဘက်၌ ပေ ၄၀၀ ဖြစ်သည်။

ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၉၆ ရာခိုင်နှုန်းပြီးစီးလျက်ရှိပြီး တံတားချဉ်းကပ်လမ်းများကို နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းများနှင့် အချောသတ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ငမိုးရိပ်တံတား(ကမာကြည်) ပြီးစီးသွားပါက ရန်ကုန်-သန်လျင် တံတားအမှတ်(၁)၊ ဒဂုံတံတားတို့နှင့် ချိတ်ဆက်၍ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သန်လျင်၊ ခရမ်း၊ သုံးခွ၊ သီလဝါ၊ ကျောက်တန်းမြို့နယ်တို့ကို အချိန်တိုအတွင်း ပိုမိုလျင်မြန်လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ကြမည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်သွက်လက်ကာ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် ဒဂုံတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ချဉ်းကပ်တံတားနှင့် ပင်မတံတားအမျိုးအစားများ တည်ဆောက်ပြီးစီးမှု၊ RCD ပိုင် လုပ်ငန်းများအနက် နောက်ဆုံး လက်ကျန် P, 12, RCD ပိုင် လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်အကြီးအကဲ၏ အထူးစီမံကိန်းများ၏ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရန်၊ သတ်မှတ်ချိန်တွင် စံချိန်စံညွှန်းမီစွာဖြင့် ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်၊ တံတားကြီးအချိန်မီပြီးစီးရေးအတွက် ဆက်စပ်ဆောင်ရွက်ပေးရမည့် ဌာနဆိုင်ရာများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း နောက်ဆုံးလက်ကျန် RCD ပိုင် P, 12 လုပ်ငန်းဆောင်ရွက်နေမှု၊ ကြိုတင်အားဖြည့်ရက်မတင်ရန် ဘေလီလွန်းထိုးခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ဒဂုံတံတား၏ စုစုပေါင်းအရှည်မှာ ပေ ၄၅၄၀ ရှိပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ်ပေ ၁၃၀ နှင့် အမြင့် ၁၈ ပေ၊ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန်ရှိသည့် တံတားကြီးအဖြစ် တည်ဆောက်လျက်ရှိသည်။

ယာဉ်သွားလမ်းအကျယ် ၇၂ ပေရှိ ခြောက်လမ်းသွားတံတားအကြီးဖြစ်ပြီး တံတားအပေါ်ထည်မှာ သံကူကွန်ကရစ် ကြိုတင်အားဖြည့်ကွန်ကရစ်အမျိုးအစားဖြစ်ကာ အောက်ထည်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ယခုအခါ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်ရေးလုပ်ငန်းများ ၉၅ ရာခိုင်နှုန်း၊ သန်လျင်ဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း၊ ပင်မတံတား တည်ဆောက်ရေးလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီး စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၈ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယခုအခါ ဒဂုံတံတားပြီးစီးပါက တစ်စီးချင်း ၇၅ တန်အထိ ဖြတ်သန်းနိုင်ပြီး ပို့ကုန်၊ သွင်းကုန်များအပါအဝင် ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်မှ သန်လျင်ဘက်သို့ ဆက်သွယ်တည်ဆောက်ထားသည့် ဒဂုံတံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်
ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်မင်းမြတ်ထံ
ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဘရပ်ဆဲလ်မြို့၌ ဘယ်လ်ဂျီယံနိုင်ငံ၏ ဘုရင် ဒုတိယမြောက် အယ်လ်ဘတ် ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

အခြေခံစားကုန်နှင့် ကုန်မျိုးစုံအရောင်းဆိုင်များ ဖွင့်လှစ်ပြီးမြောက်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်၊အင်းစိန်မြို့နယ်နှင့် ဒေါပုံမြို့နယ်လုံးဆိုင်ရာ အခြေခံစားကုန်နှင့် ကုန်မျိုးစုံ အရောင်းဆိုင်များ ဖွင့်လှစ်ပြီးမြောက်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ သမဝါယမဦးစီးဌာနများနှင့် အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က အမှာစကား ပြောကြားကြပြီး ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရဲအောင် (ငြိမ်း) က ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ရှားဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း ရန်ကုန်တိုင်းရှိ မြို့နယ် သုံးမြို့နယ်တွင် အခြေခံစားကုန်နှင့် ကုန်မျိုးစုံအရောင်းဆိုင်များ ဖွင့်လှစ်ပြီးမြောက်မှုနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဘဂ္ဂဒက်မြို့လယ်ရှိ ဈေးနှစ်ဈေး၌ ဗုံးပေါက်ကွဲ ၇၆ဦးထက်မနည်း သေဆုံး၊ ၁၆၄ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၃

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်မြို့လယ်ရှိ လူစည်ကားသောဈေးများတွင် တနင်္လာနေ့က ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ ၇၆ ဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်ရှိ သက်တမ်းအရင့်ဆုံး ရှော်ဂျာအမည်ရှိ ဈေးတွင် ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှုကြောင့် ၇၁ဦးသေဆုံးသည်။ အဆိုပါ ဈေးတွင်ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးလောင်ကျွမ်းမှု ဖြစ်ပွားသည်။

မြို့တော်ဘဂ္ဂဒက် မြို့လယ်မှာပင်တည်ရှိသော ဘက်အယ်လ်ရာဂျီ အမည်ရှိဈေးတွင်လည်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ငါးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ မြို့တော်ဘဂ္ဂဒက်တွင် တိုက်ခိုက်ရေးသမားများအား နှိမ်နင်းမည့် လုံခြုံရေးအစီအစဉ် အောင်မြင်မှုမရရှိပါက မိမိတို့နိုင်ငံ၏ အနာဂတ်မှာ ပျက်သုဉ်းသွားမည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီက ပြောကြားသည်။

ရှော်ဂျာ အမည်ရှိဈေးတွင် အထပ်ရှစ်ထပ်ရှိ သိုလှောင်ရုံအနီး ကားဗုံးသုံးလုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သို့ရာတွင် ယင်းသိုလှောင်ရုံအနီးတွင် လမ်းဘေးဗုံး ငါးလုံးတစ်ပြိုင်တည်း ဖောက်ခွဲခဲ့ခြင်းကြောင့် ဗုံးပေါက်ကွဲမှုဖြစ်ရသည်ဟု အရပ်ဘက် ကာကွယ်ရေး၊ အာဏာပိုင်အဖွဲ့မှ ဗိုလ်ချုပ် အဗ္ဗဒူလာရာစူးလ်က နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။ အဆိုပါ ဈေးတွင် ဗုံးပေါက်ကွဲမှုကြောင့် ၁၆၄ဦး ဒဏ်ရာရရှိခဲ့သည်။ **အင်တာနက်။**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ရှော်ဂျာဈေးအတွင်းဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်နေသည်ကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကြက်ငှက်တင်သွင်းမှု ယူအေအီး၌ပိတ်ပင်

ဒူဘိုင်း ဖေဖော်ဝါရီ ၁၃

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)သည် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှု တားဆီးရန် ဗြိတိသျှကြက်ငှက်များ တင်သွင်းမှုကို ပိတ်ပင်တားမြစ်လိုက်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့်ရေဝန်ကြီး၏ပြောကြားချက်ကို ကိုးကားလျက် နိုင်ငံပိုင် ဒဗလျူအေအမ်သတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ် တွေ့ရှိရပြီးနောက် ကြက်ငှက်များ တင်သွင်းမှုကို ပိတ်ပင်တားမြစ်ရန် သဘာဝပတ်ဝန်းကျင်နှင့်ရေဝန်ကြီး မိုးဟာမက် ဆာအက်အယ်လ်ကင်ဒီက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။ အဆိုပါ ညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်ဖြစ်ပြီး နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်မချင်းအာဏာတည်စေရမည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

အင်္ဂလန်အရှေ့ပိုင်းရှိ ကြက်ဆင်မွေးမြူရေးခြံတစ်ခြံ၌ လွန်ခဲ့သည့်ရက်သတ္တပတ်က ကြက်ငှက်တုပ်ကွေးရောဂါပိုး H_5N_1 ဗိုင်းရပ်စ်ကို တွေ့ရှိခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

တူရကီ၌ ဘိန်းဖြူ ၅၆၅ကီလို သိမ်းဆည်းရမိ

အန်ကာရာ ဖေဖော်ဝါရီ ၁၃

တူရကီနိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံအနောက်မြောက်ပိုင်း အီဒါနီပြည်နယ် ကာပီကူလီနယ်စပ်စစ်ဆေးရေးစခန်း၌ ဘိန်းဖြူ ၅၆၅ ကီလိုကို သိမ်းဆည်းလိုက်ကြောင်း အနာတိုလီယာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

အထုပ် ၄၂ထုပ်ထဲတွင် ဝှက်၍ယူဆောင်လာသော ဘိန်းဖြူများကို ကုန်တင်ကားတစ်စီးပေါ်မှကြာသပတေးနေ့တွင်လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ယင်းကားမှာ တူရကီနိုင်ငံမှ နယ်သာလန်နိုင်ငံသို့ မောင်းနှင်နေစဉ် လမ်းတွင် စစ်ဆေးခံရခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီး ကူဆတ်တူဇမင်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ဖော်ပြသည်။

တူရကီနိုင်ငံသမိုင်းတွင် ယခုအကြိမ် သိမ်းဆည်းရမိသည့် ဘိန်းဖြူပမာဏမှာ အများဆုံး ဖြစ်ကြောင်း၊ ဘိန်းဖြူများ၏ ကာလပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၂၈ သန်းနီးပါး ရှိကြောင်း၊ လူ၁၄ ဦးကိုလည်း မူးယစ်ဆေးဝါးရောင်းဝယ်မှုဖြင့် ထိန်းသိမ်းလိုက်ကြောင်း တူဇမင်က ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်

ကဘူး ဖေဖော်ဝါရီ ၁၃

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင်မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား၍ ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ အလီဇိုင်းက ပြောကြားသည်။

ဖောက်ခွဲရေးပစ္စည်းများ အပြည့်အသိပ်တင်လာသည့် မော်တော်ယာဉ်ကို ကန်ဒါဟာမြို့အပြင်ဘက်ရှိ နေတိုးတပ်ဖွဲ့ရှိရာသို့ ဦးတည်မောင်းနှင်လာခဲ့ကြောင်း၊ လမ်းခုလတ်မှာပင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသဖြင့် ဗုံးခွဲမည့်သူ သေဆုံးသွားခဲ့သည်ဟု အလီဇိုင်းက ထပ်လောင်းပြောကြားသည်။

ယင်းဖောက်ခွဲမှုနှင့် ပတ်သက်၍ မည်သည့်အုပ်စုမျှ တာဝန်ရှိကြောင်း ကြေညာခြင်း မရှိပေ။ သို့ရာတွင် တာလီဘန်များ၏ လက်ချက်ဟု ယူဆရသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

စပိန်နိုင်ငံ ကနေရီကျွန်းတွင် ရေပေါင်းငူများကို လေ့လာသည့် ပညာရှင်နှစ်ဦး အန္တရာယ်နှင့် တွေ့ကြုံခဲ့ရပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များ သယ်ယူလာသည်ကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရှန်ကျင့်မြို့တွင် စက်ရုံမီးလောင် ရှစ်ဦးသေဆုံး

ရှန်ကျင့် ဖေဖော်ဝါရီ ၁၄

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်တောင်ပိုင်းရှန်ကျင့်မြို့ရှိ စက်ရုံတစ်ရုံတွင် တနင်္ဂနွေနေ့က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ရှစ်ဦး သေဆုံးကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများကပြောကြားသည်။

အီလက်ထရွန်နစ် စက်ကိရိယာအစိတ်အပိုင်းများထုတ်လုပ်သော စက်ရုံတွင် မီးလောင်ခြင်းဖြစ်ပြီး သေဆုံးရသူများမှာ မီးခိုးမွန်းကျပ်မှုကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီလက်ထရွန်နစ်ပစ္စည်း ဟောင်ကောင် တိုးမြှင့်တင်ပို့

ဟောင်ကောင် ဖေဖော်ဝါရီ ၁၃

တရုတ်နိုင်ငံ ဟောင်ကောင်မှ အီလက်ထရွန်နစ်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ပြည်ပသို့တင်ပို့ရောင်းချမှုမှာ ၂၀၀၆ ခုနှစ်တွင် ၃၁ ဒသမ ၂ ရာနှုန်းအထိ မြင့်တက်ခဲ့ပြီး ဟောင်ကောင်ဒေါ်လာ ၂၃ ဒသမ ၃ ဘီလီယံအထိ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉ ဘီလီယံ)ရရှိခဲ့ကြောင်း ဟောင်ကောင် စာရင်းအင်းဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

ဟောင်ကောင်ဒေသမှ စက်ပစ္စည်းနှင့်ကိရိယာတန်ဆာပလာ ပြည်ပသို့တင်ပို့မှုမှာမူ ၂၄ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဟောင်ကောင်ဒေါ်လာ ၁၆ ဒသမ ၃ ဘီလီယံဖိုးရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီရန်နျူကလီးယားပြဿနာ ဖြေရှင်းရေး ပူတင်တိုက်တွန်း

မြူးနစ် ဖေဖော်ဝါရီ ၁၃

ရုရှားနိုင်ငံက အီရန်နိုင်ငံနျူကလီးယားပြဿနာကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေချိန်တွင် နိုင်ငံတကာမိသားစုက အီရန်ကိစ္စနှင့် ပတ်သက်သည့် စိုးရိမ်မကင်းဖြစ်မှုများကို ဖြေရှင်းသင့်ကြောင်း ရုရှားသမ္မတပူတင်က စနေနေ့တွင်ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် အီရန်နိုင်ငံကို ရန်လိုတိုက်ခိုက်လိုသည့် ပတ်ဝန်းကျင်တွင် ချောင်ပိတ်မထားသင့်ဟု ဂျာမနီတောင်ပိုင်း မြူးနစ်မြို့၌ ကျင်းပသော လုံခြုံရေးညီလာခံတွင် ပူတင်ကပြောကြားသည်။

အီရန်သည်နျူကလီးယားလက်နက်များလုပ်ရန် ကြိုးပမ်းနေသည့် သာဓကမရှိဟု ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူးကလီးယားပြဿနာဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာ မိသားစုအနေဖြင့် စိတ်ရှည်ရှည်ထားပြီး ပူးပေါင်းဆောင်ရွက်သင့်သည်ဟု ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံမှ နျူကလီးယားဆိုင်ရာ ညှိနှိုင်းရေးမှူးလာရီဂျာနီသည် သုံးရက်ကြာ ကျင်းပသည့် ဖော်ပြပါ လုံခြုံရေးညီလာခံသို့ တက်ရောက်ရန် မြူးနစ်သို့ရောက်ရှိလာသည်။ ယင်းညီလာခံတွင် အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာကို ဆွေးနွေးမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံ ဟူဘေပြည်နယ် ဝူဟန်ဒေသတွင် နှစ်သစ်ကူးအတွက် ပြင်ဆင်ထားသည်ကို ဖေဖော်ဝါရီ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

လေထုမသန့်ရှင်းလျှင် အမျိုးသမီးများတွင် နှလုံးသွေးကြောရောဂါရနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၃

လေထုညစ်ညမ်းမှုသည် နှလုံးသွေးကြောရောဂါကို ပိုမိုဆိုးရွားစေကြောင်း ဆေးပညာလေ့လာမှုများက စူးစမ်းတွေ့ရှိသည်။

သုတေသီများသည် အမေရိကန်မြို့ကြီးပေါင်း ၃၆ မြို့မှ အမျိုးသမီးပေါင်း ၆၆,၀၀၀ တို့ကို လေ့လာပြီးမှ အထက်ပါကောက်ချက်ကို ချခဲ့ကြခြင်းဖြစ်သည်။ ထိုအမျိုးသမီးများ နေထိုင်ရာမြို့များရှိ လေထုအတွင်းတွင် ပါဝင်သော ဖုန်မှုန့်ပမာဏသည် တစ်ကုဗမီတာလျှင် ဖုန်မှုန့်လေးမိုက်ကရိုဂရမ်ပါဝင်ရာမှ မိုက်ကရိုဂရမ် ၂၀ အထိ အမျိုးမျိုး ကွဲပြားမှုရှိနေသည်။

လေထုအတွင်း၌ ဖုန်မှုန့်ပါဝင်မှု ၁၀ မိုက်ကရိုဂရမ်မြင့်တက်လာတိုင်း နှလုံးသွေးကြောရောဂါ သို့မဟုတ် လေဖြတ်ရောဂါဖြစ်ပွားလာရန် အလားအလာသည် ၇၆ ရာခိုင်နှုန်းမျှ မြင့်တက်လာကြောင်း တွေ့ရသည်ဟု ဝါရှင်တန်တက္ကသိုလ်မှ သုတေသီများက ဖော်ပြသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုဒဏ်ကို အမျိုးသမီးများက အမျိုးသားများထက် ပို၍ခံစားရခြင်းမှာ အဘယ်အကြောင်းကြောင့်ဖြစ်သည်ကို ရှင်းလင်းစွာမသိရကြောင်း နယူးအင်္ဂလန်ဆေးပညာဂျာနယ်က ရေးသားသည်။

အမျိုးသမီးများ၏ သွေးလွှတ်ကြောများသည် ပို၍သေးငယ်သည်ဖြစ်၍ ပို၍ဝေဒနာခံစားရခြင်းလည်းဖြစ်နိုင်သည်ဟု ဆိုသည်။

ယခုလေ့လာမှုတွင် ပါဝင်သည့် စူးစမ်းမှုကိုခံယူသည့် အမျိုးသမီးများသည် အသက် ၅၀ မှ ၇၉ နှစ်အတွင်းရှိသူများဖြစ်သည်။ အမျိုးသမီးများတွင် နှလုံးရောဂါဖြစ်ပွားမှုကို လေ့လာနေသော အမျိုးသမီးကျန်းမာရေးအဖွဲ့၏ စည်းရုံးမှုဖြင့် လေ့လာမှုကိုပြုလုပ်ခြင်းဖြစ်သည်။

စမ်းသပ်ခံ အမျိုးသမီးအားလုံးသည် လေ့လာမှုစတင်စဉ်က နှလုံးရောဂါမရှိသူများဖြစ်သည်။ ၎င်းတို့အနေဖြင့်နှလုံးရောဂါဖောက်လာခြင်း၊လေဖြတ်ခြင်း၊ နှလုံးခွဲစိတ်ကုခံရခြင်း၊ နှလုံးသွေးကြောရောဂါဖြင့် အသက်ဆုံးရှုံးရခြင်းရှိ၊မရှိကို အချိန်ကိုးနှစ်တာမျှ စောင့်ကြည့်လေ့လာပြီးမှ အထက်ပါကောက်ချက်ကို တင်ပြခြင်းဖြစ်သည်။

စမ်းသပ်ခံသူများအနက် အမျိုးသမီးပေါင်း ၁၈၁၆ဦးတွင် နှလုံးသွေးကြောရောဂါဝေဒနာ ဖြစ်ပေါ်လာသည်ကို တွေ့ရသည်။ ထိုအမျိုးသမီးများ၏ ကျန်းမာရေးအခြေအနေများနှင့် ၎င်းတို့နေထိုင်ရာမြို့ကြီးများ၏ လေထုညစ်ညမ်းမှုအခြေအနေများကို ဆက်စပ်လေ့လာခဲ့ကြသည်။ ယခုလေ့လာမှုကို ဦးဆောင်သူမှာ ဝါရှင်တန် တက္ကသိုလ်မှ သုတေသီပါမောက္ခဂျိုးလ်ကဗ်မင်ဖြစ်သည်။ ဖုန်မှုန့်နှင့် လေထုညစ်ညမ်းမှုကြောင့်ဖြစ်သော နှလုံးသွေးကြောဆိုင်ရာ ပြဿနာကို ဖြေရှင်းလိုလျှင် ပြဿနာ၏ အခြေခံဖြစ်သော ရုပ်ကြွင်းလောင်စာသုံးစွဲမှု ပင်ရင်းကိစ္စကို ရှင်းနိုင်ပါမှ ပြေလည်စေနိုင်မည်ဟု ၎င်းက ပြောကြားသည်။

အင်တာနက်။

ဥရောပသမဂ္ဂ ဈေးကွက်၌ အရောင်း တွင်ကျယ်လာသော ကားများကို စလိုဗားကီးယားနိုင်ငံ၌ ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံခြားရေးမူဝါဒ ရုရှားပြင်ဆင်ပြောင်းလဲမည်

မော်စကို ဖေဖော်ဝါရီ ၁၃

ရုရှားနိုင်ငံသည် နိုင်ငံခြားရေးမူဝါဒကို ပြင်ဆင်ပြောင်းလဲမည်ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ နယ်စပ်ဒေသအထိတိုင်အောင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)က ၎င်း၏ စစ်ရေးတည်ရှိမှုကို တိုးချဲ့လာခြင်းကြောင့် ဖြစ်ကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၂ရက်တွင် ပြောကြားသည်။

စီစဉ်

နေတိုးသည်ဥရောပအလယ်ပိုင်းနိုင်ငံများတွင် ဒုံးလက်နက်ကာကွယ်ရေးအတွက် ဒုံးခွင်းဒုံးစနစ်ကို ဖြန့်ကြက်နိုင်ရန် စီစဉ်နေခြင်းကြောင့် မိမိတို့၏ နိုင်ငံခြားရေးမူဝါဒကို ပြင်ဆင်ပြောင်းလဲရတော့မည် ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ မူဝါဒရေးဆွဲရေးဌာန ညွှန်ကြားရေးမှူး အလက်ဇန္ဒာကရာမာရန်ကိုက ပြောကြားသည်။

သမ္မတ ဗလာဒီမာပူတင်၏ ညွှန်ကြားချက်အရ နိုင်ငံခြားရေးမူဝါဒကို ပြင်ဆင်ပြောင်းလဲမည်ဟုဆိုသည်။ ***အင်တာနက်။***

အမေရိကန်နိုင်ငံ ဆော့လိတ်စီးတီးရှိ ထရော်လီစကွဲ ကုန်ပဒေသာဆိုင်၌ သေနတ်ဖြင့် ပစ်ခတ်ခံရသူတစ်ဦးအား ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၁၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်တွင်သေနတ်ပစ်ခတ်မှုနှစ်မှုဖြစ်ပွား လူ ၁၀ ဦး အသက်ဆုံးရှုံးခဲ့ရ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အမေရိကန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၂ ရက်က နေရာနှစ်နေရာ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူ ၁၀ ဦး အသက်ဆုံးရှုံးသွားရကြောင်း စီဗီအက်စ်သတင်းဌာနက ဖော်ပြသည်။ ပထမပစ်ခတ်မှုသည် အူတားပြည်နယ် ဆော့လိတ်စီးတီးရှိ ထရော်လီစကွဲ ကုန်ပဒေသာဆိုင်၌ဖြစ်ပွားရာ ပြောင်းတိုသေနတ် ကိုင်ဆောင်ထားသူ သေနတ်သမားလက်ချက်ကြောင့် လူငါးဦးသေဆုံးသွားပြီး အများအပြားဒဏ်ရာရရှိသွားသည်။ ထိုအဖြစ်အပျက်တွင် သေနတ်သမားမှာလည်း သေဆုံးသွားပြီး အနည်းဆုံး လူလေးဦး ဆေးရုံတင်လိုက်ရသည်။

ဒုတိယအဖြစ်အပျက်မှာ ပင်ဆယ်လ်ဗေးနီးယားဒေသတွင်ဖြစ်ပွားခြင်းဖြစ်သည်။ ယင်းအဖြစ်အပျက်တွင် သေနတ်သမားက ရုံးအဆောက်အအုံအတွင်း ညအချိန်မတော်ဝင်ရောက်ပြီး လူများကိုပစ်ခတ်သည့်အတွက် အနည်းဆုံး လူသုံးဦးသေဆုံးသွားသည်။ သေနတ်သမားသည် မိမိကိုယ်မိမိ အဆုံးစီရင်သွားကြောင်း သိရသည်။ ယင်းအဖြစ်အပျက်မှာ စီးပွားရေးလုပ်ငန်း အဆင်မပြေသည့်အတွက် ပေါ်ပေါက်လာရသော ကိစ္စဖြစ်သည်ဟု ယူဆရကြောင်းသာ သိရပြီး အသေးစိတ်မသိရဟုဆိုသည်။ ***အမ်အင်အေ၊၊ဆင်ဟွာ***

ဇီယာလေဆိပ် ခေတ္တပိတ်ထား

ဒါကာ ဖေဖော်ဝါရီ ၁၃

ဘိုအင်း ၇၄၇ လေယာဉ်တစ်စင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ ဇီယာနိုင်ငံတကာလေဆိပ်မှ ပျံတက်စဉ် လေယာဉ်ဘီးများ ကွဲသွားပြီးနောက် ယင်း လေဆိပ်ကို တနင်္ဂနွေနေ့တွင် ပိတ်လိုက်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဆော်ဒီအာရေဗျ လေကြောင်းမှ ခရီးသည် ၄၀၀စီးနင်းလိုက်ပါလာသည့် အဆိုပါလေယာဉ်သည် ရီယတ်မြို့သို့ ပျံသန်းမည့် ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

လူအထိအခိုက် မရှိကြောင်း၊ ယင်းလေဆိပ်၏ လေယာဉ်ပြေးလမ်းကို ပြုပြင်နေကြောင်း လေဆိပ်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်၏မူဝါဒကြောင့် အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်မှုမရှိဖြစ်ရ

မြူးနစ်(ဂျာမနီ) ဖေဖော်ဝါရီ ၁၃

အရှေ့အလယ်ပိုင်းဒေသနှင့် ပတ်သက်သည့် အမေရိကန်၏ မူဝါဒသည် ယင်းဒေသတွင် တည်ငြိမ်မှုနှင့် လုံခြုံမှုမရှိသည့် အခြေအနေသို့ ဆိုက်ရောက်စေခဲ့ကြောင်း အီရန် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စနေနေ့တွင် ပြောကြားလိုက်သည်။

နိုင်ငံများအား ဆန့်ကျင်ဘက်ပြုလုပ်ခြင်း၊ အထီးကျန်ထားခြင်း၊ အရေးယူဒဏ်ခတ်ခြင်းစသည့် အမေရိကန်၏ မူဝါဒကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် တည်ငြိမ်မှုမရှိ ဖြစ်ရကြောင်း အီရန်နျူကလီးယားဆိုင်ရာ ညှိနှိုင်းရေးမှူး လာရီဂျာနီက ပြောကြားသည်။

အီရတ်နိုင်ငံသို့ အကြမ်းဖက်သမားများရောက်ရှိမှုသည် တရားမျှတကြောင်း၊ အဘယ်ကြောင့်ဆိုသော် အမေရိကန်က အီရတ်ကို သိမ်းပိုက်ထားပြီး အီရတ်သို့ တပ်ဖွဲ့ဝင်များ တိုးမြှင့်စေလွှတ်မည်ဟု ကြေညာသောကြောင့်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အဆိုးသံသရာလည်မှုမှာ မည်သည့်အချိန်တွင် အဆုံးသတ်မည်ကိုမူ မိမိမပြောနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ယင်းသို့ လုံခြုံမှုမရှိသဖြင့် စီးပွားရေးအရ ထိခိုက်ခဲ့ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၁၉၅၃ခုနှစ်တွင် အီရန်အမျိုးသားရေးဝါဒီ သမ္မတမိုဟာမက်မိုဆာဒါးအားဖြုတ်ချနိုင်ရန် အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)ကလှုပ်ရှားခဲ့ကြောင်း၊ ယင်းနောက်တွင် ၁၉၇၉ခုနှစ် အစ္စလမ္မစ်တော်လှန်ရေး ပေါ်ပေါက်ချိန်အထိ အမေရိကန်ထောက်ခံသော ရှားဘုရင်အာဏာရရှိခဲ့ကြောင်း၊ ယင်းမှာ အမေရိကန်၏ စွက်ဖက်မှုပင်ဖြစ်ကြောင်း လာရီဂျာနီက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကမ္ဘောဒီးယား၌ ကြက်ဆူပင်စိုက်ပျိုးထုတ်လုပ်ရန် စင်ကာပူရင်းနှီးမြှုပ်နှံမည်

ဖနောင်ပင် ဖေဖော်ဝါရီ ၁၃

ကမ္ဘောဒီးယားနိုင်ငံပါဆတ်ပြည်နယ်အစိုးရသည် နိုင်ငံတွင်း၌ ကြက်ဆူစိုက်ခင်းများ စိုက်ပျိုးလုပ်ကိုင်သွားမည့်အစီအစဉ်တွင် ရင်းနှီးမြှုပ်နှံခွင့်ပြုသွားရန် စင်ကာပူ ကုမ္ပဏီတစ်ခုနှင့် ဖေဖော်ဝါရီ ၁၃ ရက်က သဘောတူ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ပါဆတ်ပြည်နယ်ကိုယ်စား ပြည်နယ်အုပ်ချုပ်ရေးမှူး ချေဆာရက်က လက်မှတ်ရေးထိုးခဲ့ ပြီး စင်ကာပူနိုင်ငံဘက်မှ ဗင်ဒါဟို့စ်ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းက ဖေဖော်ဝါရီ ၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်ဟု ပါဆက်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ စင်ကာပူကုမ္ပဏီသည် ကြက်ဆူပင်စိုက်ပျိုးသူ လယ်သမားများကို မျိုးနှင့်နည်းပညာများကို ထောက်ပံ့ပေးမည်ဖြစ်သည်။ ထို့ပြင်ထွက်ရှိလာသော ကြက်ဆူဆီများကိုလည်းသင့်တော်သောဈေးနှုန်းဖြင့် ဝယ်ယူသွားရန်ရှိကြောင်းသိရသည်။

ဖော်ပြပါ အစီအစဉ်ကြောင့် ဒေသခံ ပြည်သူများအလုပ်အကိုင်ရကြမည့်အပြင် စီးပွားရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း ပါဆတ်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး ပီချက်ဟွန်းက ပြောကြားသည်။ ဗင်ဒါဟို့စ်ကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းသည် စင်ကာပူ၌ ကြက်ဆူပင်မှ ဆီထုတ်ယူမည့် စက်ရုံကြီးတစ်ရုံတည်ဆောက်ပြီး အဆင့်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗြိတိန်နိုင်ငံ၌ကြက်ငှက်ဖိုင်းရပ်စ်ရောဂါ ရှိ မရှိ စမ်းသပ်စစ် ဆေး နေသည်ကို ဖေဖော်ဝါရီ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

အင်တာနက်သတင်းများ

ယူဂန္ဓာတွင် အမှိုက်သရိုက်မှ လျှပ်စစ်ဓာတ်အားထုတ်ယူရန် စီစဉ်နေ

ကမ်ပါလာ ဖေဖော်ဝါရီ ၁၄

ယူဂန္ဓာနိုင်ငံတွင် အမှိုက်သရိုက်များကို လောင်စာအဖြစ်အသုံးပြုကာ လည်ပတ်မည့် ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ၃၃မဂ္ဂါဝပ်ထုတ်လုပ်သွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုလုပ်ငန်းကိုလုပ်ကိုင်ရန် တေလာဘိုင်အိုမတ်စ် စွမ်းအင်ကုမ္ပဏီနှင့် ဆီဆမ်စွမ်းအင် ကုမ္ပဏီတို့ကတွဲဖက်၍ အမေရိကန်ဒေါ်လာ ၈၈သန်းရင်းနှီးမြှုပ်နှံကာ လိုအပ်သောစက်ရုံများကို တည်ထောင်သွားမည်ဖြစ်သည်။

ယင်းစီမံကိန်းတွင် အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းများကို ခေတ်မီနည်းစနစ်ဖြင့် ကိုင်တွယ်ပြုလုပ်သွားမည့် စက်ရုံတစ်ရုံလည်းပါရှိမည်ဖြစ်သည်။ ထိုစက်ရုံသည် နေ့စဉ်အမှိုက်သရိုက် တန်ချိန် ၇၁၀ကို ကိုင်တွယ်သွားမည်ဖြစ်သည်ဟု ဆီဆမ်စွမ်းအင်ကုမ္ပဏီမှ အတွင်းရေးမှူး ဘက်ထရစ်နာဂါဝါက ပြောကြားသည်ကို အင်္ဂါနေ့ထုတ် နယူးဗီးရှင်းသတင်းစာက ကိုးကားဖော်ပြသည်။

ထိုကုမ္ပဏီများက ဆောင်ရွက်မည့်စီမံကိန်းအရဆိုပါက လူပေါင်း ၄၀၀ တို့ အလုပ်အကိုင် ရရှိစေမည်ဖြစ်ပြီး အိမ်ခြေပေါင်း ၃၀၀၀၀ကိုလည်း လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤစီမံကိန်းက အသုံးပြုမည့် နည်းပညာသည် တေလာဘိုင်အိုမတ်စ် စွမ်းအင်ကုမ္ပဏီက မူပိုင်မှတ်ပုံတင်သောနည်းနာကို အသုံးပြုသွားမည်ဖြစ်သည်။ ယခုနည်းစဉ်တွင် အမှိုက်သရိုက်များကို အပူပေးထားသော သဲပေါ်သို့ဖြတ်သန်းစေပြီး လောင်စာအဖြစ်အသုံးပြုနိုင်မည့် ဓာတ်ငွေ့ကို ထုတ်ယူမည်ဖြစ်သည်။ တစ်ဖန် ထိုဓာတ်ငွေ့ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်စက်များကို မောင်းနှင်မည်ဖြစ်ကြောင်းသိရသည်။ ယင်းဓာတ်ငွေ့ထုတ်လုပ်သောစက်ရုံသည် လူဘာဂါအရပ်ရှိ ဧက ၁၀၀ကျယ်သော မြေကွက်ပေါ်၌တည်ရှိမည်ဖြစ်ပြီး နောက်ကိုးလအကြာတွင် ပြီးစီးမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား အပြည့်အဝထုတ်လုပ်နိုင်ရေးအတွက် အမှိုက်ကုန်ကြမ်းအလုံအလောက် ရရှိနိုင်မည်ဟု ကုမ္ပဏီက မျှော်မှန်းထားသည်။ ကမ်ပါလာမြို့မှ နေ့စဉ် စွန့်ပစ်သောအမှိုက်သရိုက်ပမာဏသည် တန် ၈၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။ ***အင်တာနက်။***

ပါကစ္စတန်တွင် ကြက်ငှက်တုပ်ကွေးပိုး တွေ့ရှိ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၄

ပါကစ္စတန်နိုင်ငံမြို့တော် အစ္စလမ္မာဘတ်ရှိ အိမ်မွေး ကြက်ငှက်များကို နမူနာယူ၍ စမ်းသပ်စစ်ဆေးကြည့်ရာ သေစေနိုင်သော $H_5 N_1$ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို တွေ့ရှိရကြောင်း အတည်ပြု ထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံတွင် ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိခဲ့ရာ ယခုအကြိမ်ပါနှင့်ဆိုလျှင် တတိအကြိမ် တွေ့ရခြင်းပင်ဖြစ်သည်။

သို့သော် နိုင်ငံတွင်း၌ စီးပွားဖြစ်ရောင်းဝယ်နေသော ကြက်ငှက်များတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး မတွေ့ရကြောင်း စားသောက်ကုန်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် အာဖယ်လ်၏ ပြောကြားချက်ကိုကိုးကား၍ ပါကစ္စတန်နိုင်ငံ အက်ဆိုစီအေဘက် သတင်းတွင် ရေးသားဖော်ပြသည်။

ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ သတင်းရရှိပါက စနစ်တကျစစ်ဆေးအရေးယူဆောင်ရွက်သွားရန် ပြင်ဆင်ထားကြောင်း အာဖယ်လ်က ပြောကြားသည်။ ***အင်တာနက်။***

အအေးဒဏ်ကြောင့် မက္ကဆီကိုတွင် လူ ၉၀ သေဆုံး

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၄

မက္ကဆီကိုနိုင်ငံတွင် ရာသီဥတုအအေးဒဏ်ကြောင့် အောက်တိုဘာ ၁၈ရက်မှ ယနေ့အချိန်အထိ သေဆုံးသူ ၉၀ရှိပြီဖြစ်ကြောင်း မက္ကဆီကို ကျန်းမာရေးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်သည်။

မြို့ဆင်ခြေဖုံးတွင် နေထိုင်သူများသည် သစ်သား၊ စက္ကူကတ်ထူနှင့် သွပ်မိုးဖြင့် အိမ်ရာဆောက်လုပ်နေထိုင်ရသည်ဖြစ်၍ အအေးဒဏ်ကို အခံရဆုံးဖြစ်သည်။ အအေးဒဏ်ကို ခံနိုင်စေရန် မီးဖို၍အိပ်ကြသည့်အတွက် ကာဗွန်မိုနောက်ဆိုဒ် အဆိပ်ဓာတ်ငွေ့နှင့် မီးခိုးများကိုရှူရှိုက်မိခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်။ မက္ကဆီကိုမြောက်ပိုင်း ချီဟူယာဟူယာပြည်နယ်တွင် သေဆုံးသူအများဆုံးဖြစ်ပြီး ၃၉ဦးရှိသည်။ ကိုယာဟူလာ ဒေသအနီးတွင် ၁၃ဦးနှင့် ဆိုဟိုရာပြည်နယ်မြောက်ပိုင်းတွင် ၁၁ဦး သေဆုံးကြောင်း သတင်းကဖော်ပြသည်။ ***အင်တာနက်။***

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘောဘဏ်အမှုဆောင်ဒါရိုက်တာ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကမ္ဘာ့ဘဏ် အရှေ့တောင်အာရှ မဲပေးအုပ်စု၏ အမှုဆောင်ဒါရိုက်တာ Mr. Mat Aron Deramanသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်နှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်သလ္လံစေတီတော် ရဟန်းခံရှင်ပြုပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နာယက ဆရာတော်ကြီးများထံမှ ဩဝါဒကိုခံယူ၍ အလှူရှင် မော်လမြိုင်မြို့နေ ဦးငွေစိုး-ဒေါ်ငွေတင်၊ သား ဦးခင်မောင်ဝင်း - ဒေါ်သိန်းမေ မိသားစုက မ,တည်ကာ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ပထမအကြိမ် စုပေါင်းရဟန်းခံ၊ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနားကို မတ် ၂ရက် (တပေါင်းလပြည့်နေ့) တွင်လည်းကောင်း၊ တရားနာရေစက်ချမင်္ဂလာအခမ်းအနားကို မတ် ၃ရက်တွင်လည်းကောင်း ကျိုက်သလ္လံစေတီတော်မြတ်ရှိ ပဌာန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

စုပေါင်း ရဟန်းခံ၊ ရှင်ပြုလိုသူများသည် ဖေဖော်ဝါရီ ၂၅ရက် နောက်ဆုံးထား၍ ကျိုက်သလ္လံစေတီတော်မြတ်ကြီးရှိ ဝိသာခါဝတ်တော်ကြီး အလှူခံဌာန၊ ဓာတ်လှေကား အလှူခံဌာနနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဖုန်း ၀၅၇-၂၁၃၃၄နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း ၀၅၇-၂၃၀၀၄ တို့သို့ ဆက်သွယ်ရန်နှင့် ရဟန်းတစ်ပါးလျှင် ပရိက္ခရာစုံနှင့် ဆွမ်းစရိတ်ငွေကျပ် ၁၅၀၀၀၊ ရှင်သာမဏေတစ်ပါးလျှင် ပရိက္ခရာစုံနှင့် ဆွမ်းစရိတ်ငွေကျပ် ၁၂၀၀၀ဖြင့် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၂-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	မြန်မာသံစဉ်ချိုနှားဝင်
၅း၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅	၉။	ဟဒယရွှင်လန်းအငြိမ့်ခန်း
၅း၄၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၃၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၅	၁၅။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၈)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝေဟင်ချစ်သူ" (အပိုင်း-၅)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ရန်ကင်း၌ ဖေဖော်ဝါရီ ၉ရက်က ကျင်းပသည့် ကြက်ခြေနီ သင်တန်းဆင်းပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က သင်တန်းပြီးမြောက်ကြောင်း အလံလက်ခံယူစဉ်။ (ပညာရေး)

အစားအသောက်(ယိုစုံ)များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့် အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ မန္တလေးမြို့ ဈေးကွက်မှဝယ်ယူစိစစ်ခဲ့သော ယိုစုံများအနက် အောက်ဖော်ပြပါ ယိုစုံများမှာ အစားအသောက်တွင် သုံးခွင့်မပြုသော ဆိုးဆေး(Unpermitted Food Colour)များ အသုံးပြုထားကြောင်းနှင့် အဏုဇီဝသတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါကြောင်းတွေ့ရှိရပါသဖြင့် စားသုံးရန်မသင့်သော ယိုစုံများဖြစ်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်	လုပ်ငန်းအမည်
၁။	နေရှိုင်းအမှတ်တံဆိပ် သဘော်ဆီးဖြူသီး	နေရှိုင်းမက်မန်းနှင့် စားသောက်ကုန်လုပ်ငန်း
၂။	တွမ်တီးအမှတ်တံဆိပ် မက်မန်းယို	Tun Family Product
၃။	တွမ်တီးအမှတ်တံဆိပ် မက်မန်းသီး	Tun Family Product
၄။	စားဖွယ်အမှတ်တံဆိပ် ငွေသီးစိတ်	Phone 02-65483, 09 9061499
၅။	ဆုလာဘ်အမှတ်တံဆိပ် အစေ့လွတ်ဆီးယို	ဆုလာဘ်အဆင့်မြင့် သစ်သီးယိုစုံ
၆။	ရှင်းရီအမှတ်တံဆိပ် မက်မန်းသီးစိတ်	ရှင်းရီမက်မန်းနှင့်သီးစုံ Mandalay, Product of Myanmar

၃။ ယိုစုံအမှတ်တံဆိပ်များတွင် ယိုစုံအမျိုးအစား၊ ပါဝင်ပစ္စည်း၊ ထုပ်ပိုးမှုပမာဏ၊ ထုတ်လုပ်သူအမည်နှင့် လိပ်စာ၊ ထုတ်လုပ်ရက်စွဲအမှတ်အသားတို့ကို ဖော်ပြရန်လိုပါကြောင်းနှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ မတ်လတွင်ကျင်းပမည် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ်လ ၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့ရှိ စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆားဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ကျရောက်သော ဆားဗီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆားဗီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗု(ခ်) ဒရာစကိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အသိပညာပေးစကားဝိုင်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် အသိပညာပေးစကားဝိုင်း ဆွေးနွေးပွဲ ပြုလုပ်ကြစဉ်။ (မြို့တော်စည်ပင်)

ကော့မှူးမြို့နယ်ရှိ အမကကျောင်းများသို့ ငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းများအတွက် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်း ရှစ်ကျောင်းသို့ စာသင်ခုံများ၊ စာရေးကိရိယာ၊ အဝတ်အထည်နှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းစုဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ပညာရေးအထောက်အကူပြုလုပ်ငန်းများအတွက် စာသင်ကျောင်းများသို့ စာသင်ခုံနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်း၊ ပညာရေးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက စာသင်ကျောင်းများသို့ စာရေးခုံများကို ပေးအပ်လှူဒါန်းရာ ကော့မှူးမြို့နယ်အတွင်းရှိ အမက ဘုရားအနီး၊ အမကဘောလုံးကွင်း၊ အမက သစ်ကြားကုန်း၊ အမက ခလောက်ခလိ၊ အမက ဥတို၊ အမက မျက်ဆံနီ၊ အမကမူလွန် ကျုံဖြာ၊ အမက မကျီးကန်းတို့မှ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများက ကော့မှူးမြို့နယ်အတွင်းရှိ မူလတန်းကျောင်းရှစ်ကျောင်းအတွက် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံကြသည်။ ယင်းနောက် အလှူရှင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း) ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီး မမြတ်လေး) တို့အား အမှူးထား၍ မြတ်လေးရုံ မိသားစုက ငွေကျပ်တစ်သိန်း တန်ဖိုးရှိ ခဲတံများနှင့် ရန်ကုန်မြို့ ကန်တော်ကြီး ပုလဲကျန်းမာရေး မိသားစုများက အဝတ်အထည်များကို လှူဒါန်းကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံကြပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာနက ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လက်ခံသည်။

ထို့နောက် ကော့မှူးမြို့နယ် ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများသည် ကော့မှူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ကံ့ကော်ဆောင်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်၍ အမျိုးသမီးရေးရာကိစ္စများနှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေး အကြံပြုညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ထို့နောက် အလှူရှင် JAZZY ဗလာစာအုပ်မိသားစုက ပညာရေးအထောက်အကူပြုလုပ်ငန်းများအတွက် ကော့မှူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် လှူဒါန်းသည့် ဗလာစာအုပ် ၈၂ဒါဇင်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းချိုက လက်ခံသည်။

ယင်းနောက် အမှတ်(၃) အခြေခံပညာဦးစီးဌာနက ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ရာ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို စုပေါင်းပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ကော့မှူးမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။ (မြို့တော်စည်ပင်)

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း အသင်းသားဟောင်းများ မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း၏ အသင်းသားဟောင်းများ မိတ်ဆုံညစာစားပွဲနှင့် အပျော်တမ်းလှေလှော်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီမှစတင်၍ ရွှေရှမ်းကန်စားသောက်ဆိုင်နှင့် ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း၊ အင်းလျားလမ်း၊ အင်းလျားကန်တွင် ကျင်းပမည်ဖြစ်သည်။

လှေလှော်ပြိုင်ပွဲတွင် နှစ်ယောက်လှော်နှင့် လေးယောက်လှော် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများအပြင် အားကစားရုံတွင်း လှေလှော်ပြိုင်ပွဲ (Ergometer) ကိုလည်း ပျော်ရွှင်စွာကျင်းပမည်ဖြစ်၍ စိတ်ပါဝင်စားသူ အသင်းသားဟောင်းများ ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့် ဦးမောင်မောင်သန်းထွန်း ဖုန်း-၀၁၆၆၂၅၅၂၊ ဒေါက်တာဖုန်းဝင်း ဖုန်း-၀၉-၂၀၀၅၅၉၉၊ မယုဝင်း ဖုန်း-၀၉-၅၁၆၀၉၃၉၊ ဦးချိုလွင်မြူ ဖုန်း-၀၉-၅၀၀၆၃၃၄နှင့် ဦးမြတ်သူရ ဖုန်း-၀၉-၉၈၂၃၃၀၃တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လှိုင်မြို့နယ် အမက(၁၂)၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျောင်းခန်းမ၌ပြုလုပ်ရာ စတုတ္ထတန်းတွင် ပထမဆုရ မနန်းအုန်းကြည်အား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစောအောင်မြဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၀၅ ထမင်းလေးတစ်လုတ် တရားတော်(ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
၈း၁၀ လူငယ်သိပွဲ
၈း၃၅ တေးဂီတအစီအစဉ်
၈း၄၀ ပြည်တွင်းအနုပညာရေးရာ
၉း၁၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ စုပေါင်းနွှဲပျော် ဆွမ်းလောင်းပွဲတော်
၉း၃၀ တေးဂီတအစီအစဉ်
၉း၃၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ သွားမယ်စားမယ် (Howdy's)
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ ကုန်သွယ်စီးပွားနိုင်ငံ့အား (ကုန်သွယ်မှု၏အားထားရာ ဆိပ်ကမ်းသီလဝါ)
၁၀း၅၀ မိုးလေဝသခန့်မှန်းချက်
၁၀း၅၅ Yangon Panorama (On-Line ဆိုင်ဖွင့်ပွဲ)
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း)
၁၁း၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅ ဂီတရေစီးကြောင်းထဲကဂီတာ
၁၂း၀၀ တေးဂီတအစီအစဉ်
၁၂း၁၅ ၂၀၀၈ခုနှစ် ဘေဂျင်းအိုလံပစ် ဘောလုံးခြေစစ်ပွဲ (မြန်မာအမျိုးသမီးအသင်း လေ့ကျင့်ပြင်ဆင်မှုများ)
၁၂း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀ တေးဂီတအစီအစဉ်
၁၂း၃၅ ရှမ်းတောင်တန်းအနီး သာသနာပြုခရီး၊ရတနာစည်ရဲ့နည်း(ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်)
၁၂း၅၀ တေးဂီတအစီအစဉ်
၁၂း၅၅ ကျက်သရေတင့်တယ် လှစေမယ် (အပိုင်း-၂)
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီ အထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

☆ **ငြိမ်းချမ်းရေးမှ**

ထိုနေ့က ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနားတွင် ဒေသခံတိုင်းရင်းသားပြည်သူများက KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဝမ်းပန်းတသာ လှိုက်လှဲစွာဖြင့် ပန်းကုံးများစွပ်၍လည်းကောင်း၊ ဂုဏ်ပြုပန်းစည်းများပေး၍လည်းကောင်း၊ ကရင်ဒုံးယိမ်းများ တပျော်တပါးကခုန်၍လည်းကောင်း နွေးထွေးပျူငှာပျော်ရွှင်စွာ ကြိုဆိုခဲ့ကြသည်။

ထို့အတူ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ၊ တပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင်ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုများကလည်း ဒေသခံတိုင်းရင်းသားပြည်သူများအား အနှစ်နှစ်အလလ ခွဲခွာနေရသည့် မိသားစုများ ပြန်လည်ဆုံတွေ့ကြသည့်ပမာ ဖက်လှဲတကင်း ရင်းရင်းနှီးနှီး ဝမ်းသာအားရ နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါငြိမ်းချမ်းရေးအောင်ပွဲ ကြိုဆိုသည့်အခမ်းအနားတွင် တောင်ပေါ်မြေပြန့် ကရင်တိုင်းရင်းသားများအားလုံး၏ကိုယ်စား ကော့ကရိတ်မြို့နယ် ဒဝယ်တန်ကျေးရွာမှ ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်က ယခုကဲ့သို့ ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲနိုင်ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်တော့မည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူသည့်စကား ပြောကြားသည်။

အလားတူ KNU/KNLAငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီးစောထော့လေးကလည်း ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲနိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ကရင်တိုင်းရင်းသား ဦးစောဒယ်နီရယ်၏ ပြောကြားချက်နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီး စောထော့လေးတို့၏ ပြောကြားချက်များသည် ကရင်ပြည်နယ်၏ပကတိ လိုအပ်ချက်အပေါ် KNU/KNLAငြိမ်းချမ်းရေးကောင်စီက လက်တွေ့အကျိုးပြုဖြည့်ဆည်းဆောင်ရွက်ချက်များဖြစ်၍ လေ့လာသိရှိနိုင်ရန် ပူးတွဲဖော်ပြလိုက်ပါသည်။

ဒေသခံတိုင်းရင်းသား ဦးစောဒယ်နီရယ်၏ ဝမ်းမြောက်ဂုဏ်ယူသည့်စကားမှ –

- **ကရင်ပြည်နယ်တွင် တိုက်ပွဲသံများ ဆူညံခဲ့သည်မှာ မိမိတို့အသက်နှင့်အမျှဖြစ်။**
- **ထို့ကြောင့် ဒေသခံကရင်လူထု၏ ပကတိလိုအပ်ချက်သည် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးပင်ဖြစ်။**
- **ကရင်တိုင်းရင်းသားများသည် အလွန်ရိုးသားဖြောင့်မတ်သူများဖြစ်၍ ပြည်ပ ပယောဂကို လွယ်လွယ်နှင့် ယုံကြည်မိခဲ့ကြ။**
- **ပြည်ပ ပယောဂ၏ ကနဦးသက်သေခံမှာ နိုင်ငံတော်လုပ်ကြံမှုအတွက် ဂျူနံဦးစောအား လက်နက်များထုတ်ပေးခဲ့သည့် ကပ္ပတိန်ဗီဗီယန်ကို ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့ ဤဒေသ၌ ဖြစ်ပွားခဲ့သည့်တိုက်ပွဲတွင် တပ်မတော်က အသေရမိခဲ့ခြင်းဖြစ်။**
- **ထို့နောက်ပိုင်း၌လည်း ငြိမ်းချမ်းရေးရခါနီးတိုင်း ပြည်ပမှ ပုဂ္ဂိုလ်များလာဖျက်၍ အကြိမ်ကြိမ်ပျက်ခဲ့ရ။**
- **ယင်းသို့ မိမိတို့ဒေသတွင် ငြိမ်းချမ်းရေးသည် မျှော်တိုင်းဝေးဆိုသလိုဖြစ်ခဲ့၍ ဤတစ်သက်တွင် ငြိမ်းချမ်းရေး ရနိုင်ပါ့တော့မလားဟု ထင်မှတ်ပြီး စိတ်ဆင်းရဲကြီးစွာခံစားခဲ့ရ။**
- **တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်း ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ကြသည့်ဒေသများ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း ကြားရမြင်ရပြီး ကရင်ပြည်နယ်အတွင်းမှာပင် ငြိမ်းချမ်းသည့်ဒေသနှင့် မငြိမ်းချမ်းသည့်ဒေသတို့၏ ဖွံ့ဖြိုးမှုချင်းကွာဟပုံကို မျက်ဝါးထင်ထင် တွေ့မြင်နေရသဖြင့် ကရင်ပြည်သူများလည်း ငြိမ်းချမ်းရေးကို အာသာငမ်းငမ်းလိုချင်ခဲ့ကြ။**
- **ထို့အပြင် လက်နက်ကိုင်ကရင်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ဒုက္ခသည်စခန်းများ၌ စိတ်ဆင်းရဲကိုယ်ဆင်းရဲ နေထိုင်ကြရကြောင်း ကြားသိရ၍လည်း ကိုယ်ချင်းစာမိခဲ့။**
- **ယနေ့အခါတွင် ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးကောင်စီက ငြိမ်းချမ်းရေးမီးရှူးတိုင်ကြီး စတင်ထွန်းညှိပေးလိုက်ပြီဖြစ်။**
- **ကရင်တိုင်းရင်းသားအားလုံးက ငြိမ်းချမ်းရေးကောင်စီ၏ ဆောင်ရွက်ချက်ကို ဝမ်းသာဂုဏ်ယူကြောင်း မှတ်တမ်းတင်။**
- **ကျန်နေသေးသည့် ကရင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များကိုလည်း ငြိမ်းချမ်းရေးရယူရန် တည်ဆောက်ကြပါဟု ကရင်လူထု၏ကိုယ်စားတိုက်တွန်း။**

KNU/KNLA ငြိမ်းချမ်းရေးကောင်စီ တပ်မဟာ(၇)မှ ဗိုလ်မှူးကြီးစောထော့လေး ၏ ကျေးဇူးတင်စကားမှ –

- ☆ **ယနေ့မှစပြီး မိမိတို့နယ်မြေတွင် ရှာပုန်းရှာရှောင်ဟူ၍မရှိ။**
- ☆ **ယနေ့မှစပြီး မိမိတို့နယ်မြေတွင် ဒုက္ခသည်စခန်းဟူ၍လည်းမရှိ။**
- ☆ **ကရင်ပြည်နယ်သူ ပြည်နယ်သားများအားလုံး လွတ်လပ်စွာ နေထိုင်နိုင်ကြပြီ။**
- ☆ **ငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးစားပေးကြသည့် အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်။**
- ☆ **ယခုလို ငြိမ်းချမ်းရေးလုပ်ဆောင်ချိန်တွင် ပါဝင်ခြင်းမရှိသေးသည့် KNU/KNLA ခေါင်းဆောင် ရဲဘော်ရဲဘက်များအားလုံးကိုလည်း မိမိတို့ကရင်ပြည်နယ်မှာ အတူတကွ အေးချမ်းသာယာစွာ လက်တွဲနေထိုင်ကြရန် နွေးထွေးစွာဖိတ်ခေါ်။** (သတင်းစဉ်)

ငြိမ်းချမ်းရေးအောင်ပွဲ

- ငြိမ်းချမ်းရေးတန်ဖိုး၊ သူ့အကျိုးကို
  စစ်ထိုး စစ်ရန် ၊ စစ်ဒဏ်ခံစား
  လူအများသာ၊ သိနိုင်ရာ၏ ...။
- မငြိမ်းချမ်းသော်
  သိန်းသန်းကုဋေ၊ ချမ်းသာပေလည်း
  စိတ်နေကြောင့်ကြ၊ မချမ်းမြတည့် ...။
- မငြိမ်းချမ်းသော်
  စိမ်းလန်းစိုပြေ(ပြည်)၊ ကမ္ဘာမြေလည်း
  မသွေခြောက်ခန်း၊ နေထိပန်းတည့် ...။
- မငြိမ်းချမ်းသော်
  ကိန်းခန်းစုံလင်၊ ပြည့်စုံလျှင်လည်း
  မယဉ်သည့်လမ်း၊ ကြမ်းမြဲကြမ်းတည့် ...။
- မြန်မာပြည်တွင်း
  မှီတင်းမောင်နှမ၊ ညီညွတ်ကြလော့
  ဝါဒအစွဲ၊ လူမျိုးစွဲနှင့်
  ဂိုဏ်းစွဲ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲပြီး
  အစွဲနှောင့်ယှက်၊ ကြိမ်ကြိမ်ဖျက်၍
  တိုင်းပျက် ပြည်ပျက်၊ အိုးအိမ်ပျက်လျက်
  စိတ်လက်ပန်းကာ၊ မချမ်းသာဘဲ
  နွမ်းနာခဲ့ပေါင်း များလှပြီ ...။
- ခုအချိန်ကား၊ တိုင်းရင်းသားတို့
  ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်အကျိုးနှင့်
  လူမျိုးနိုင်ငံ၊ ကိုယ့်အားမာန်ဖြင့်
  ဖန်ဖန်ကြိုးကုတ်၊ 'ပျား' သရုပ်နှယ်
  အားထုတ်သင့်ကြ ညီညီတကား ...။ ။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ ငြိမ်းချမ်းရေးအောင်ပွဲကို ဂုဏ်ပြုလျက်။

မင်းယဉ်စု

လေယာဉ်မှူးများ သင်တန်းတက်ရောက်ရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံသားပိုင် Air Bagan Ltd. မှ အမျိုးသားလေယာဉ်မှူးသင်တန်းသား လေးဦးနှင့် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသမီးလေယာဉ်မှူး သင်တန်းသူနှစ်ဦး စုစုပေါင်းခြောက်ဦးတို့သည် မလေးရှားနိုင်ငံ Integrated Aviation Academy သင်တန်းကျောင်းသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ (ဓါတ်ပုံ)

ပျံသန်းပြေးဆွဲ

အဆိုပါ အမျိုးသား၊ အမျိုးသမီး လေယာဉ်မှူးများသည် Air Bagan Ltd. ၏ ပျံသန်းပြေးဆွဲလျက်ရှိသော ပြည်တွင်းခရီးစဉ်များနှင့် တိုးချဲ့ပျံသန်းပြေးဆွဲမည့် နိုင်ငံတကာခရီးစဉ်များတွင် လေယာဉ်မှူးများအဖြစ် တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည်။

စနစ်တကျရွေးချယ်

Air Bagan Ltd. သည် ပြည်တွင်းနှင့် နိုင်ငံတကာခရီးစဉ်များအတွက် မြန်မာနိုင်ငံ၏ အနာဂတ် မျိုးဆက်သစ် လေယာဉ်မှူးများနှင့် မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသမီး လေယာဉ်မှူး သင်တန်းသူများ ရွေးချယ်ရာတွင် နိုင်ငံတကာ လေယာဉ်မှူးများနှင့် တာဝန်ရှိသူများက လေကြောင်းလိုင်းပညာရပ်များနှင့် ထိတွေ့နှံ့စပ်မှုရှိသူ ၄၀တို့အား စာတွေ့၊လက်တွေ့စာမေးပွဲများဖြင့် ရွေးချယ်ခြင်း၊ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ခြင်းရှိ၊မရှိ၊ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားမှုရှိ၊မရှိများ စစ်ဆေးခြင်း၊ ကျန်းမာရေး ဆေးစစ်ခြင်း၊ သက်ဆိုင်ရာဌာန အသီးသီးတွင် ခေတ်မီစက်ကိရိယာများဖြင့် လေယာဉ်တုများအား မောင်းနှင်စေခြင်းတို့ဖြင့် အဆင့်ဆင့် စမ်းသပ်၍ စနစ်တကျ ရွေးချယ် စေလွှတ်ခြင်းဖြစ်သည်။

ပထမဆုံး

သင်တန်းကာလမှာ စာတွေ့နှင့် လက်တွေ့ စုစုပေါင်း နှစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး အဆိုပါနိုင်ငံတကာ လေယာဉ်မှူးသင်တန်းသို့ မြန်မာနိုင်ငံ၏ ပထမဆုံး လေယာဉ်မှူးသင်တန်းသူများအဖြစ် Air Bagan Ltd. မှ အကြီးတန်းလေယာဉ်မယ် နှင်းဦးဝေနှင့် အငယ်တန်း လေယာဉ်မယ် မေချိုဝင်း၊ လေယာဉ်မှူးသင်တန်းသားများအဖြစ် Air Bagan Ltd. လေယာဉ်မောင်းချုပ် စထိုက်ကိုကို၊ အကြီးတန်းလေယာဉ်မောင် အေးချမ်းမောင်မောင်၊အောင်စည်ဟိန်းနှင့် မျိုးကျော်အောင်ဆန်းတို့ ပါဝင်လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

NLD ပါတီအပေါ် ယုံကြည်အားထားမှု မရှိတော့၍ တံတားဦးမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ပါတီဝင်ရှစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဟံသာဝတီကျေးရွာမှ ဦးမောင်ကိုကြီး၊ ဦးသန့်ဇင်၊ ဦးသန်းလွင်၊ ဦးစိုးလှိုင်၊ ဒေါ်မမလေး၊ ဦးတိုးတိုးနှင့် ဦးမြင့်သန်း အပါအဝင် ရှစ်ဦးတို့သည် ဇန်နဝါရီ ၁၈ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း၊ ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မန္တလေးတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီအပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် NLDပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

(15-2)08.P65 1 1/2/32, 10:22 AM

☆ **ကျောဖုံးမှ**

အဆိုပါ CSW အဖွဲ့၏ အစီရင်ခံစာအပေါ် တုံ့ပြန်ချက်ကို မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်က အောက်ပါအတိုင်းထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့သည်- (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်
CSW အဖွဲ့၏ အစီရင်ခံစာအပေါ် တုံ့ပြန်ချက်

၁။ မြန်မာနိုင်ငံအစိုးရသည် ခရစ်ယာန်ဘာသာဝင်များအပေါ် ကန့်သတ်ချုပ်ချယ်ခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ခြင်းများ ပြုလုပ်နေသည်ဟူသော စွပ်စွဲပြောဆိုချက်များပါဝင်သည့် အစီရင်ခံစာသစ်တစ်ခုကို ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်သွေးစည်းညီညွတ်ရေးအဖွဲ့ (CSW)ထုတ်ပြန်တော့မည်ဆိုသောသတင်းကို ကျွန်ုပ်တို့ကြားသိပြီး ဖြစ်ပါ၏။ အမှန်မှာ မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်ခွင့်မရှိဟူသော ဖော်ပြချက်မှာ အဆိုးရွားဆုံး လွဲမှားတင်ပြချက်ကြီး တစ်ခုဖြစ်သည်။ ထို့ကြောင့် စွပ်စွဲချက်အားလုံးကို ချေဖျက်နိုင်ရန် အဖြစ်မှန်အကြောင်းတချို့ကို တင်ပြလိုပါသည်။

၂။ မြန်မာနိုင်ငံတွင် ပင်ရင်းဓလေ့ထုံးစံ၊ယဉ်ကျေးမှုနှင့် ရိုးရာအစဉ်အလာများနှင့်အညီ နိုင်ငံသားတိုင်းက အခြေခံအခွင့်အရေးများကို ဥပဒေအရ ပိုင်ဆိုင်ထားကြပါသည်။ ထူးခြားသည့် မြန်မာ့ယဉ်ကျေးမှု၏ အမှတ်လက္ခဏာများမှာ သည်းခံခွင့်လွှတ်ခြင်း၊ ကရုဏာထားခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းတို့ ဖြစ်ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရှည်လျားလှသော သမိုင်းတစ်လျှောက်၌ လူမျိုး၊ကိုးကွယ်မှုဘာသာနှင့် လိင်အရ ခွဲခြားဆက်ဆံပြုမူမှုများ မည်သည့်အခါကမျှ မရှိခဲ့ပါ။ မြန်မာတို့သည် ဘာသာရေးကိုင်းရှိုင်းကြသည်နှင့်အညီ မေတ္တာ၊ ကရုဏာနှင့် မုဒိတာစသော တရားများ တစ်နိုင်ငံလုံးတွင်ခံယူကျင့်သုံးကြပါသည်။ ယဉ်ကျေးမှုအမွေအနှစ်၊ အစဉ်အလာနှင့် ဘာသာရေးကိုင်းရှိုင်းမှုတို့၏ဩဇာကြောင့် အဓိကကိုးကွယ်မှု ဘာသာကြီးများဖြစ်ကြသော အစ္စလာမ်၊ ခရစ်ယာန်၊ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့သည် ကြာမြင့်စွာကတည်းက ညီညွတ်အေးချမ်းစွာ ယှဉ်တွဲတည်ရှိခဲ့ကြပေသည်။

၃။ ယခုအခါ ခရစ်ယာန်ဘုရားကျောင်းများ၊အစ္စလာမ်ဗလီများ၊ ဟိန္ဒူဝတ်ပြုကျောင်းများ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ စသည့်ဘာသာရေးအဆောက်အအုံများသည် မြန်မာနိုင်ငံအနှံ့အပြားတွင် ယှဉ်တွဲရှိနေကြပါသည်။ ၎င်းသည် ဘာသာရေးလွတ်လပ်ခွင့်ရှိပုံကို ထင်ဟပ်ပြသနေခြင်းပင်ဖြစ်ပါသည်။ ခရစ်ယာန်ဘုရားကျောင်းများ၊ ဗလီများ၊ ဝတ်ပြုကျောင်းများနှင့် စေတီပုထိုးများ တစ်ခုနှင့်တစ်ခုနီးကပ်စွာ ယှဉ်တွဲတည်ရှိနေပုံကို မြန်မာနိုင်ငံအနှံ့အပြားတွင်တွေ့မြင်နိုင်ပေသည်။ ထိုပေါ်လွင်ထင်ရှားသော အခြေအနေကို လေ့လာတွေ့ရှိရသော ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ တစ်သီးပုဂ္ဂလကျွမ်းကျင်သူအမျိုးသမီးမှာ အထူးတလည်အံ့ဩကျေနပ်သွားခဲ့သည်။ ထို့ပြင်ဘာသာရေးယုံကြည်ကိုးကွယ်မှု အသီးသီးကို အကြည်အသာ လက်ခံထားကြသော လူ့အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံသည် စံနမူနာအဖြစ်စံထားဖွယ်ဖြစ်ကြောင်း လှိုက်လှဲစွာမှတ်တမ်းတင်ခဲ့သည်။

၄။ မြန်မာနိုင်ငံ၌ သာသနာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုထားသည့် အစ္စလာမ်ဘာသာအဖွဲ့အစည်းကြီး ငါးခု၊ခရစ်ယာန်ဘာသာအဖွဲ့အစည်းကြီးလေးခုနှင့် ဟိန္ဒူအယူဝါဒဆိုင်ရာအဖွဲ့အစည်းတစ်ခု ရှိနေကြပါသည်။ ဘာသာရေးဆိုင်ရာပြဿနာ(သို့မဟုတ်) အငြင်းပွားမှုများပေါ်ပေါက်ခဲ့လျှင်လည်း သာသနာရေးဝန်ကြီးဌာနသည် အဆိုပါအသိအမှတ်ပြုထားသည့် သာသနာရေးအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ အလျင်မြန်ဆုံး ဆုံးဖြတ်ဖြေရှင်းပေးလျက်ရှိပါသည်။ထိုအခြေအနေမျိုး၌ ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် ယင်းတို့သက်ဆိုင်ရာ ကိုးကွယ်မှုဘာသာများကို မြှင့်တင်ဖွံ့ဖြိုးစေနိုင်အောင် သာသနာရေးဝန်ကြီးဌာနက လိုအပ်သလို အကူအညီပေးလျက်ရှိပါသည်။

၅။ အထက်ဖော်ပြပါ အကြောင်းအချက်များအရ ကောက်ချက်ချရလျှင် ကမ္ဘာပေါ်၌ ကိုးကွယ်မှု ဘာသာကြီးများ ညီညွတ်အေးချမ်းစွာယှဉ်တွဲရပ်တည်ကာ နိုင်ငံသားတိုင်း လွတ်လပ်စွာယုံကြည်ကိုးကွယ်လျက်ရှိသည့် နိုင်ငံအနည်းငယ်အနက် မြန်မာနိုင်ငံသည်တစ်ခုအပါအဝင်ဖြစ်ပေသည်။ တစ်ခါတစ်ရံ၌မူ သေးငယ်သော ဘာသာရေးသဘောကွဲလွဲသည့် ဖြစ်ရပ်တစ်ခုတလေ ရှိကောင်းရှိပေလိမ့်မည်။ အလားတူဖြစ်ရပ်များမှာ အခြားကမ္ဘာနေရာများ၌လည်း ဖြစ်ပေါ်လေ့ရှိတတ်ပါသည်။ ထိုသို့ဖြစ်ပေါ်သည့်အခါ အစိုးရသည် အလျင်အမြန်အရေးယူဆောင်ရွက်သည့်အနေဖြင့် သက်ဆိုင်ရာဘာသာရေးခေါင်းဆောင်များနှင့် တိုင်ပင်ကာ ဖြစ်ရပ်များထိန်းမနိုင်သိမ်းမရ မကြီးထွားစေဘဲ ငြိမ်းချမ်းစွာ ပြေလည်သွားအောင်ဆောင်ရွက်ပါသည်။

၆။ CSWက မြန်မာနိုင်ငံ၌ ကွဲလွဲသောဘာသာရေးအမြင်များ ရှိနေခြင်းအပေါ် များစွာပူပန်နေမှုကို ကျွန်ုပ်တို့က အမှန်တကယ်အသိအမှတ်ပြုစာနာပါ၏။ သို့ရာတွင် မြန်မာနိုင်ငံ၌ ခရစ်ယာန်များနှင့် အခြားဘာသာများ အပေါ် ကန့်သတ်ချုပ်ချယ်မှု၊ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်မှုများရှိသည်ဆိုကာ CSWအစီရင်ခံက ယိုးစွပ်တင်ပြထားသည်။ ထိုသို့ ယိုးစွပ်တင်ပြထားမှုမှာ မှန်းဆချက်များအပေါ် အခြေခံထားသဖြင့် လုံးဝအခြေအမြစ်မရှိပါပေ။ မြန်မာနိုင်ငံတွင် မျိုးနွယ်၊လူမျိုး(သို့မဟုတ်) ဘာသာရေးအခြေခံဖြင့် မည်သည့်လူတစ်စုတစ်ဖွဲ့ကိုမှ ခွဲခြားဆက်ဆံခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း မရှိပေ။ ထိုစွပ်စွဲချက်များမှာ မြန်မာနိုင်ငံရှိ ကိုးကွယ်မှုဘာသာများအကြား သဘောထားကွဲပြားခြင်း စိတ်ဝမ်းကွဲမှုနှင့် မုန်းတီးမှုတို့ကို ပျိုးထောင်ပေးရန် လုပ်ကြံထားခြင်းမျှသာ ဖြစ်ပါသည်။

၇။ မသမာသူများထံမှ စုဆောင်းရရှိသော အခြေအမြစ်မရှိ လွဲချော်နေသော သတင်း ဆောင်းပါးများဖြင့် မြန်မာအစိုးရအား စွပ်စွဲခြင်းများသည် မြန်မာနိုင်ငံ၏ရုပ်ပုံလွှာကို နိမ့်ကျညစ်ထေးစေပါသည်။ တကယ့်ဖြစ်ရပ်မှာ နိုင်ငံရေးလှုံ့ဆော်မှုကြီးတစ်ရပ် ဖြစ်တော့သည်။သင်တို့၏ကောလာဟလ အစီရင်ခံစာကို ကျွန်ုပ်အနေဖြင့် ပစ်ပယ်ရှုတ်ချရမည်သာဖြစ်သည်။ ကျွန်ုပ်တို့၏ မှန်ကန်သောတင်ပြချက်ကို ဖတ်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံဆိုင်ရာ နားလည်မှုလွဲခြင်းနှင့် တစ်ဖက်သတ်အမြင်များကို ဖယ်ရှားရှင်းလင်းပေးပါလိမ့်မည်။ သင်တို့၏ နေကာမျက်မှန်များ ချွတ်လိုက်ခြင်းအားဖြင့် သဘာဝအရောင်အသွေးများကို ခံစားနိုင်တော့မည်ဟု ဆိုချင်ပါသည်။

မြန်မာမွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အမျိုးသမီးရေးရာသက်ငယ်အဖွဲ့ဝင်များက မျိုးချစ်အခြေခံ ဇာတိမာန်သီချင်းနှင့် အင်အားသစ်များနှင့် အတူ သီချင်းများကိုသီဆို၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့အတွက် အလှူရှင် ၃၅ ဦးက အလှူငွေ ကျပ် ၃၂ သိန်း ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး အစည်းအဝေးပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် တိုင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အစည်းအဝေးဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက ၂၀၀၆ ခုနှစ်အတွင်း ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၇ ခုနှစ် ဦးတည်ချက် (၉)ရပ်ကိုလည်းကောင်း၊ စီမံရေးရာဌာနမှူး ဒေါ်ခင်လှမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသည့် ၂၀၀၇ ခုနှစ် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ငူအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

တောင်ငူအသင်း(ရန်ကုန်)၏ ဘွဲ့ခံဆရာတော်ကြီးများ ပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၄ ရက် နံနက် ၈ နာရီတွင် ဓမ္မသုခတိုက် ကြားတောရလမ်းဗဟန်း၌ပြုလုပ်မည်ဖြစ်ရာ ၂၀၀၅-၂၀၀၆ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်အသင်းသားများ၏ သားသမီးများစာရင်းကို အမှုဆောင် ဦးထွန်းထွန်း ဖုန်း- ၅၄၃၉၅၈၊ ၀၉-၅၀၀၁၉၀၃၊ ဦးတင်လှ ဖုန်း- ၇၂၂၇၈၅နှင့် ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၀၉၊ ၀၉-၅၁၂၅၄၄၅တို့ထံ ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ (က-ပ)

ဖေဖော်ဝါရီ ၉ ရက်က မုဒုံမြို့နယ် ဘိုးဘွားရိပ်သာအတွက် ရန်ကုန်မြို့ ဝင်ဒါမီယာနေ အလှူရှင် ဒေါ်ခင်ဖွား (လူမှုထူးချွန် တတိယဆင့်) မိသားစုက ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးပိုးရီ လက်ခံယူစဉ်။ (မြို့နယ်ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ သမဝါယမအသင်းချုပ် အာရှပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Shil Kwan Leeသည် ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၆ ရက်က တာမွေမြို့နယ် လေးဒေါင့်ကန်လမ်းရှိ မြန်မာပြည်သားအထွေထွေ စီးပွားရေးလုပ်ငန်း စံပြသမဝါယမအသင်းစု အရောင်းဆိုင်သို့ လာရောက်လေ့လာရာ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးမြင့်နိုင်က လုပ်ငန်းဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းပြောကြားစဉ်။ (၀၈)

မီးကြွင်းမီးကျန်ကြောင့် မီးလောင်မှုများဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၉ရက် နံနက် ၁၀နာရီအချိန်ခန့်က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်)မြို့နယ် (၇၀)ရပ်ကွက် ဧရာလမ်း အမှတ်(၂၆၅)နေ ဦးမောင်မောင်သန်း၏အိမ်တွင် မီးဖို မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးသည်။

ကျိုက်ထို

ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၂နာရီခွဲခန့်က မွန်ပြည်နယ်ကျိုက်ထိုမြို့နယ်၏ တောင်ပိုင်းရပ်ကွက် နီလာလမ်း အိမ်အမှတ် (၁၅၇)နေ ဦးစိုးဝင်း(မိုးမိုးယိုစုံလုပ်ငန်း)၏အိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။မီးလောင်မှုကြောင့်အဆောက်အအုံနှင့် ယိုပြုလုပ်သည့်ပစ္စည်းများ မီးလောင်ဆုံးရှုံးသည်။

မိုးကုတ်

ယင်းနေ့ ည ၁၀ နာရီအချိန်ခန့် မန္တလေးတိုင်း မိုးကုတ်မြို့နယ် အရှေ့မီးသတ်စခန်းနှင့် သုံးဖာလုံ ကွာဝေးသောပိတ်ရှယ်နယ်မြေ(၃)နေ ဒေါ်ရီစန်း၏အိမ်တွင် ဖယောင်းတိုင်မီးထွန်း၍ စာကျက်ရာမှ အိပ်ပျော်သွားစဉ် ထရံသို့ကူးစက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ခံရပြီး လူဦးရေ စုစုပေါင်း နှစ်ဦး၊ မီးဘေးဒုက္ခရောက်ကာ လူတစ်ဦးသေဆုံးခဲ့သည်။

ရန်ကင်း

အလားတူ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈နာရီအချိန်ခန့်က ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် မိုးကောင်းလမ်း အမှတ်(၁၉/ဘီ)နေ ဦးမောင်မောင်ဝင်းမြင့်အိမ်တွင် သက္ကလပ်စအခင်းပေါ် ခြင်ဆေးခွေထွန်းထားရာမှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် အိမ်တစ်လုံး မီးလောင်ဆုံးရှုံးသည်။

ညောင်တုန်း

ယင်းနေ့ မွန်းလွဲ ၁၂နာရီခွဲအချိန်ခန့်က ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အမှတ်(၁)ရပ်ကွက် လမ်း(၄၀) အိမ်အမှတ် ၁၀၇ နေ ဒေါ်အုန်းမြိုင်၏အိမ်တွင် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် တဲခြောက်လုံးနှင့် ပဲအရောင်းဆိုင်ခန်းလေးခန်း မီးလောင်ဆုံးရှုံးခဲ့ရပြီး လူဦးရေစုစုပေါင်း ၃၃ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၀၇ (ကြာသပတေးနေ့)

၁၃၆၈ခုနှစ်၊ တပို့တွဲလကွယ်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။တေးဂီတအစီအစဉ်
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု)(ဥပဒေပညာ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၂၅ ၇။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့" (လူမင်း၊သူသူဟံသာ၊ အိမ်အိမ်း) (ဒါရိုက်တာ-သက်တင်)**
- ၅:၃၀ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၅:၄၅ ၉။ တေးဂီတအစီအစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သီရိဂေဟာ
- ၇:၀၀ ၁၃။ Discovery
- ၇:၀၅ ၁၄။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (ရိုးရာအသွင်ဆန်းကျေးလက်ရက်ကန်း)
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၂၂)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာနွေဦး" (အပိုင်း-၁၂)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တော်ဝင်ဟိုတယ် တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေး လိုက်ပါလျက် ယမန်နေ့နံနက်က ရန်ကုန်မြို့တွင် ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရန် လမ်းသားများ ထပ်ပိုးလွှာခင်းကျင်းနေမှုနှင့် တော်ဝင်ရန်ကုန်မြို့တော် ဟိုတယ် တည်ဆောက်ပြီးစီးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တောင်ဥက္ကလာပမြို့နယ်ရှိ ဝေဇယန္တာလမ်း ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာ ခင်းကျင်းနေမှုကို လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်အဝင် သံသုမာလမ်းအပိုင်းအား ခြောက်လမ်းသွား ကျောက်ချောကတ္တရာ ခင်းကျင်းနေမှုကို လည်းကောင်း၊ မြောက်ဥက္ကလာ ခေမာသီလမ်းအား ကတ္တရာကွန်ကရစ်ခင်းကျင်းရန် ဆောင်ရွက်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် တော်ဝင်လမ်းရှိ အဆင့်မြင့် တော်ဝင်ရန်ကုန်မြို့တော် ဟိုတယ် တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့အား အဆင့်မြင့်တော်ဝင်ရန်ကုန်မြို့တော်ဟိုတယ်တွင် အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူး ဦးဇော်ဝင်းက ဟိုတယ် ဆင်ဝင်၌ သံကူကွန်ကရစ်တိုင်များဖြင့် ခိုင်ခံ့လှပစွာ တည်ဆောက်ထားမှု၊ ဆင်ဝင်အမိုး၌ အလင်းရောင်ရရှိစေရန် ဆောင်ရွက်ထားမှု၊ ကြွေပြားအလှစီ ကြမ်းခင်းများ ခင်းကျင်းထားရှိမှု၊ မျက်နှာကြက်များ၊ အခန်းများတွင် အလှမီးဆိုင်များ၊ မြန်မာ့အနုပညာ ကနုတ်ပန်းများ စီခြယ်ထားရှိမှု၊ တည်းခိုခန်းများ၊ အစည်းအဝေးနှင့် ခန်းမကျယ်ကြီးများတွင် ခင်းကျင်းရန် ကော်ဇောရောင်စုံများ အရန်သင့်ထားရှိမှု၊ လေအေးပေးစက်များ တပ်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း အဆင့်မြင့် တော်ဝင် ရန်ကုန်မြို့တော် ဟိုတယ် တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဟိုတယ်အဝင်လမ်းများအား ကတ္တရာကွန်ကရစ် ခင်းကျင်းနေမှု၊ မြေယာမြက်ခင်းနှင့် ပန်းအလှပင်များ၊ အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှု၊ ရေပန်းအလှပြုလုပ်နေမှု၊ယာဉ်ရပ်နားရန်နေရာများဆောင်ရွက်နေမှုနှင့် ပြီးစီးနေမှုအပိုင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသွားသည်။ (၁၉)

နှစ်(၆၀) ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို အလုံမြို့နယ်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့် ဖတ်ကြားစဉ်။ (က–ပ)

ပဲခူးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၅–၂၀၀၆ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို မတ် ၃၁ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ဈေးကြီးဆန်လှူအသင်း ပဲခူးမြို့၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ပူးတွဲကျင်းပမည်ဖြစ်သည်။

အသင်းဝင်အားလုံး တက်ရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင် သက်ကြီးစာရင်းနှင့် ၂၀၀၅–၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းဝင်တို့၏သား၊ သမီးများစာရင်းကို အမှတ်စာရင်းမိတ္တူနှင့်အတူ မတ် ၉ရက်(သောကြာနေ့)နောက်ဆုံးထား၍ အသင်းတိုက်သို့ ပေးပို့ကြရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် လှူဒါန်းလိုသူများ၊ ပညာရေးငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုသူများ ဦးညွန့်ဇော်(ဥက္ကဋ္ဌ) ဖုန်း–၀၁–၅၃၆၄၆၄၊ ဦးအေးမောင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း–၀၁–၅၁၁၈၀၉၊ ဦးဟန်ကြူ (ဒုတိယဥက္ကဋ္ဌ) ဖုန်း–၀၉၅၁၂၀၂၃၇၊ ၀၅၂–၂၂၅၀၉၊ ဦးဝင်းမြင့် (အတွင်းရေးမှူး) ဖုန်း–၀၁–၂၉၂၅၃၆၊ ၀၁–၅၈၀၀၃၂၊ ဦးမောင်မောင် (တွဲဖက်အတွင်းရေးမှူး) ဖုန်း–၀၅၂–၂၂၈၁၂၊ဦးတင်ထွဋ် (အမှုဆောင်)ဖုန်း– ၀၅၂–၂၁၇၉၀၊ ပဲခူးမြို့နယ်အသင်းတိုက် ဖုန်း–၀၁–၃၇၈၃၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က–ပ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ဖွင့်ပွဲနှင့် အမှတ်(၅)ရပ်ကွက် သုတဘဏ် စံပြစာကြည့်တိုက် နှစ်နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သူရရှိန်နှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အထက ကျောက်တံတား အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အထက ကျောက်တံတား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ရက်(တောင်သူလယ်သမားနေ့)နံနက် ၉နာရီတွင် အထက ကျောက်တံတားကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကိုအောင်လင်း(၁၉၈၄) ဖုန်း–၅၄၆၁၆၅၊ ကိုသူရိန်ထွန်း ဖုန်း–၀၉၉၉–၂၀၅၉၄၊ ကိုညိုမင်းလွင် ဖုန်း–၂၄၆၈၃၅၊ မပိုးပိုးအောင်၊ ကိုကြီးစိုးအောင် ဖုန်း–၇၂၇၈၇၂၊ မလင်းလင်းထွန်း၊ မသန္တာထွန်း ဖုန်း–၂၅၄၁၅၂၊ ကိုကျော်ဖြိုးဝေ ဖုန်း–၀၉–၅၁၄၄၀၅၉၊ ကိုထက်မြက်ဦး ဖုန်း–၂၈၄၆၄၄၊ ကိုဇင်မိုးအောင် ဖုန်း–၂၉၉၅၅၃၊ မခင်မျိုးဆွေ ဖုန်း–၃၈၈၀၇၈၊ ကိုနေလင်းဦး ဖုန်း–၀၉–၅၁၇၉၀၆၀တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (က–ပ)

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတွင် နေရပ်အသီးသီးသို့ လေကြောင်း၊ မီးရထားများဖြင့် နေပြည်တော် တည်းခိုရေးစခန်းမှ နောက်ဆုံးအသုတ်အဖြစ် ပြန်လည်ထွက်ခွာကြရာ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်းဖွင့်

တရားရုံးချုပ်က ဖွင့်လှစ်သော မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၈နာရီတွင် တရားရုံးချုပ် လေ့ကျင့်ရေးဌာနခွဲ(လှိုင်သာယာ)၌ ကျင်းပရာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တရားရုံးချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တရားသူကြီးနှင့် ခရိုင်တရားသူကြီးများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။

ငှက်ဖျားရောဂါကာကွယ်ရေး အသိပေးဆွေးနွေး

စစ်ကိုင်းတိုင်း ငှက်ဖျားရောဂါကာကွယ်ရေးနှိမ်နင်းရေး အသိပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ရက် မွန်းလွဲ ၁နာရီတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး သင်တန်းခန်းမတွင်ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းကြည်က အမှာစကားပြောကြားပြီး တိုင်းငှက်ဖျားဆရာဝန်ကြီး ဒေါက်တာကြည်လွင်က ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးအကြောင်း ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ပါဝင်ဆွေးနွေးကြသည်။

ကုန်းမြင့်လယ်ယာ ထောက်ပံ့ငွေပေးအပ်

စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄)ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းရုံး တောင်ကြီးမြို့မှ ဖယ်ခုံမြို့နယ် အလယ်ကယန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၁၇၅ဦး မိမိအစီအစဉ်ဖြင့် ဖော်ထုတ်ခဲ့သော ကုန်းမြင့်လယ်ယာမြေ ၃၃၉ ဒသမ ၅ ဧကအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေ ကျပ် ၄၀၇၄၀၀၀ကို ဇန်နဝါရီ ၁ရက်က ဖယ်ခုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

စာကြည့်တိုက်များဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းနွယ်သည် မြို့နယ်အတွင်းရှိ အဘစ်၊ ဖံဖ၊ တကူပတီ၊ ခလော့ခနိုင်း၊ မရမ်း၊ ကုလာဘီ၊ ဝယ်လမ်း၊ ကော့ကဒိုက်၊ ကမနင်း၊ နီးမှုတ်၊ ကလော့၊ သက္ကော၊ တောင်စွန်း၊ ကလွီကျေးရွာများသို့ ဖေဖော်ဝါရီ ၂ရက်မှ ၇ရက်အထိ ကွင်းဆင်းသွားရောက်၍ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များက မိမိတို့ကျေးရွာရှိ စာကြည့်တိုက်များအခြေအနေ၊ ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။ (ကြေးမုံ)

ကွယ်လွန်သူ ဒေါ်ခင်မူ(ခ) ဒေါ်မူမူကျော် အားရည်စူး၍ လမ်းမတော်မြို့နယ် လမ်းမတော်လမ်းမှ ဦးမောင်မောင်မျိုးညွန့်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံအတွက် ထာဝရဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ပြည်–တောင်တွင်းကြီးခရီးစဉ် ဆုချီးမြှင့်

ရန်ကုန်   ဖေဖော်ဝါရီ   ၁၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ ပြည်–တောင်တွင်းကြီးခရီးစဉ်ကို ယနေ့နံနက် ၆နာရီတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဗိုလ်မှူးကြီးစိန်မြင့်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများ သည် ပြည်မြို့မှ ပြလို့၊ အောင်လံ၊ ကိုးပင်ကွေ့တို့ကို ဖြတ်သန်းပြီး တောင်တွင်းကြီးမြို့သို့ မွန်းတည့် ၁၂နာရီခန့်တွင် ရောက်ရှိပန်းဝင်ကြသည်။ ပြည်–တောင်တွင်းကြီးခရီးစဉ် စက်ဘီးစီး ပြိုင်ပွဲ၏ ဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ ဒေသခံပြည်သူများက လမ်းဘေး ဝဲ၊ ယာတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုအားပေးကြသည်။

ပြည်မြို့မှ ပြိုင်ပွဲဝင် ၈၁ဦးတာလွှတ်ယှဉ်ပြိုင်ရာ တောင်တွင်းကြီးမြို့သို့၆၅ဦး အောင်မြင်စွာ ပန်းဝင်နိုင်ကြသည်။ တောင်တွင်းကြီးမြို့သို့ ဦးဆောင်ပန်းဝင်နိုင်သူ ၁၀ဦးမှာ ပထမ ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)၊ ဒုတိယ သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)၊ တတိယမြင့်အေး (ဘဏ္ဍာ/အခွန်)၊ စတုတ္ထ ကျော်ကျော်ဦး (Flamango)၊ ပဥ္စမ ထွန်းထွန်း (Maxxis)၊ ဆဋ္ဌမမင်းမင်းဟန်(လယ်/ဆည်)၊ သတ္တမအောင်ဇော်လတ် (Maxxis)၊ အဋ္ဌမ မင်းဇော်(လယ်/ဆည်)၊ နဝမ မျိုးလင်းအောင်(ရော၀တီတိုင်း)၊ ဒသမ စောငယ်ငယ်(အင်းစိန်) တို့ဖြစ်ကြသည်။

ပြည်–တောင်တွင်းကြီး ခရီးစဉ် အတွက် ဆုပေးပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ညနေ ၅နာရီတွင် တောင်တွင်းကြီးမြို့ သာသနာ့ဗိမာန်တော်၌ကျင်းပရာ တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဝင်းက တတိယရရှိသော မြင့်အေး (ဘဏ္ဍာ/အခွန်)အား ငွေကျပ် နှစ်သောင်းခွဲကိုလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ဒုတိယရရှိသော သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)အား ငွေကျပ်သုံးသောင်းခွဲကို လည်းကောင်း၊ မကွေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းရွှေက ပထမရရှိသော ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်) အား ငွေကျပ်ငါးသောင်းခွဲနှင့် အဝါရောင်အင်္ကျီကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၄ရက်က တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တရုတ်ရိုးရာနွေဦး ပွဲတော်ညစာစားပွဲသို့ တက်ရောက်လာသော ကာကွယ် ရေးဝန်ကြီး ဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu ကြိုဆို နှုတ်ဆက်စဉ်။(သတင်းစဉ်)

လူငယ်ထု ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့်နှစ်(၆၀)ပြည့်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် လူငယ်ထု ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင် ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်း အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းက ပထမဆုရရှိသည့် Mikko အသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေအား လည်းကောင်း **(အပေါ်ဓါတ်ပုံ)**၊ ဒုတိယဆုရရှိသည့် A.M (CLUB) အသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေအားကိုကောင်း၊ တတိယဆုရရှိသည့် ပါကေး(A)အသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုငွေအားလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန် အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနေဝင်းက ထူးချွန်ဆုရရှိသည့် Mikko အသင်းမှ မောင်ဇော်ထက်၊ A. M (CLUB) အသင်းမှ မောင်ကျော်ဇင်ဦးနှင့် ပါကေး (A) အသင်းမှ မောင်ရဲနိုင်တို့အား ဂုဏ်ပြုဆုငွေများအား လည်းကောင်း၊ အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အသန့်ရှင်းဆုံးဆုရရှိသည့် အသင်းအား လည်းကောင်း ငွေသားဆုများအား ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

၂၀၀၇ ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော နေဗလဝင်းမြင့် ယှဉ်ပြိုင်ကစားစဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ ပြသ မြို့လယ်ရုံများ၌ မြန်မာဇာတ်ကားရုံမဝင်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ယခုသောကြာပတ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင် ဇာတ်ကားသစ်ရုံမဝင်ဘဲ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများသာ ပြသမည်ဖြစ်သည်။

သမ္မတအဆင့်မြင့်ရုံ

သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဒါရိုက်တာTony Scott ရိုက်ကူးပြီး နာမည်ကြီး သရုပ်ဆောင် Denzel Washington ပါဝင်သည့် Deja-Vu ဇာတ်ကားသစ် သောကြာနေ့တွင် ရုံတင်ပြသမည်ဖြစ်သည်။

ဇာတ်လမ်းမှာ အမေရိကန်ရေတပ်မတော်သားများနှင့် မိသားစုများ ပါဝင်သည့် သင်္ဘောကို ဗုံးဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားအား စုံစမ်းထောက်လှမ်းသူများက သက်စွန့်ဆံဖျား ကြိုးပမ်းဖော်ထုတ်ပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် စွန့်စားမှု အသားပေး ဇာတ်ကြမ်းကားဖြစ်သည်။

သွင်ရုံတွင် ဒါရိုက်တာ J. J. Abrams ရိုက်ကူးပြီး တွမ်ခရုစ်ပါဝင်သည့် Mission Impossible III (MI. III) ဇာတ်ကားပြသမည် ဖြစ်သည်။ နိုင်ငံတကာ လက်နက်မှောင်ခိုဂိုဏ်းဝင်များနှင့် ထောက်လှမ်းရေးသမားများ အပြိုင်အဆိုင် တိုက်ခိုက်ကြပုံကို ခေတ်မီပစ္စည်းကိရိယာများ ဆန်းသစ်သည့်လက်နက်များ အသုံးပြုရိုက်ကူးထားသည့် ဇာတ်ကြမ်းကားတစ်ကားဖြစ်သည်။

မင်္ဂလာရုံ

မင်္ဂလာရုံတွင် ပင်လယ်ဓားပြဇာတ်လမ်းတွဲ ဇာတ်ကားတစ်ကားဖြစ်သည့် Pirates of The Caribean Dead Mans Chest ဇာတ်ကားပြသမည် ဖြစ်သည်။

ရွှေဆောင်ရုံတွင် ဒါရိုက်တာ Oliver Stone ရိုက်ကူးပြီး နာမည်ကြီး သဘာဝမင်းသား Nicholas Cage ပါဝင်သည့် World Trade Center ဇာတ်ကား ပြသမည်ဖြစ်သည်။ ဤဇာတ်ကားမှာ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် နယူးယောက်မြို့ World Trade Centerအဆောက်အအုံအား အကြမ်းဖက်သမားများက လေယာဉ်ဖြင့် ဝင်တိုက်ခဲ့သည့် တကယ့်အဖြစ်အပျက်ကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင် ကွန်ဖူးပညာအသားပေး သိုင်းဇာတ်ကားတစ်ကားဖြစ်သည့် Dragon Tiger Gate ဇာတ်ကားပြသမည်ဖြစ်သည်။(ကြေးမုံ)

အင်တာနက် အားကစားသတင်း

အမေရိကန် အက်စ်အေပီ တင်းနစ်ပြိုင်ပွဲ ကမ္ဘာ့အဆင့်(၄)ရှိသူ ဆာဖင် ဒုတိယအဆင့်၌ရှုံးနိမ့်

ဆန်ဂျို့စ် ဖေဖော်ဝါရီ ၁၄

ကမ္ဘာ့အဆင့်လေးရှိသူ မာရက်ဆာဖင်သည် ကာလီဖိုးနီးယားပြည်နယ် ဆန်ဂျို့စ်တွင်ပြုလုပ်သော အက်စ်အေပီ ဒုတိယအဆင့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ဘက် စကောဒ်အောဒ်ဆီမာကို ၆–၄၊ ၇–၆ ဖြင့် အင်္ဂါနေ့က အနိုင်ရရှိသွားသည်။

၎င်းသည် အလိုက်သင့်ရိုက်ချက်၊ လက်ပြန်ရိုက်ချက်များကို လှပသပ်ရပ်စွာအသုံးပြုပြီး ကစားကာအနိုင်ရလိုက်ခြင်းဖြစ်သည်။

ဆာဖင်ရိုက်ချက်များသည် ကောင်းမွန်ပြီး အားပါလှသည်။ လက်ရှိအခြေအနေတွင် ၎င်းသည်မိမိကိုအထက်စီးမှ ကစားသွားနိုင်ခဲ့ပါသည်ဟု အောဒ်ဆီမာက ပွဲအပြီးတွင် ပြောကြားသည်။

အင်တာနက်

အက်စ်အေပီဖလားပွဲတွင် မာရက်ဆာဖင် ယှဉ်ပြိုင်ကစားနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တိုက်ဂါး–မြန်မာ တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ နေဗလဝင်းမြင့် ဆက်လက်ဦးဆောင်ယှဉ်ပြိုင်နေ

Tiger Golf

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd. က အဓိကကူညီပံ့ပိုးသော ၂၀၀၇ ခုနှစ် တိုက်ဂါး–မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပရာ နေဗလဝင်းမြင့်ကပင် ဦးဆောင်ကစားလျက်ရှိသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈) ကျင်းပြိုင်ပွဲအပြီးတွင် နေဗလဝင်းမြင့်ကပင် (၇၀+၇၆) ပေါင်း (၁၄၆)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ရန်မျိုးအေးက (၇၂+၇၆) ပေါင်း (၁၄၈) ချက်ဖြင့် ဒုတိယလိုက်နေပြီး ကျော်သီဟက (၇၆+၇၃)၊ ဘိုဘိုက (၇၅+၇၄)၊ ရန်နိုင်ဖြိုးက (၇၅+၇၄)နှင့် ဒွေးအောင်ဒွေးက (၇၄+၇၅)ပေါင်း (၁၄၉)ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd ဖြစ်၍ Co-Sponsors များအဖြစ် Alpine Purified Drinking Water, Srixon, Point Golf Gear Factory, Air Mandalay၊ Osim နှင့် Accel International Co., Ltd. (Canon) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နွေရာသီ ရွက်လှေသင်တန်းဖွင့်လှစ်မည်

ရန်ကုန်   ဖေဖော်ဝါရီ   ၁၄

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်နှင့် ရန်ကုန်ရွက်လှေအသင်းတို့မှ ကြီးမှူး၍ အသက်(၁၅)နှစ်အောက် နွေရာသီရွက်လှေသင်တန်းကို မတ် ၁၀ရက်မှ ၁၉ရက်အထိ အင်းယားလမ်းရှိ ရန်ကုန်ရွက်လှေအသင်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်သည့်အပြင် သင်တန်းပြီးဆုံးပါက မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲများတွင်လည်း လက်ရည် "အဆင့်"အလိုက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သင်တန်းမှ ထူးချွန်သည့် မျိုးဆက်သစ် အားကစားသမားများကိုလည်း (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ရွေးချယ်စေလွှတ်ယှဉ်ပြိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် သင်တန်းတက်ရောက်လိုသူ အသက်(၈)နှစ်မှ (၁၅)နှစ်အတွင်း မျိုးဆက်သစ်လူငယ်များသည် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဖုန်း–၅၁၃၈၉၉၊ ၅၃၅၂၉၈၊ ၅၃၉၃၀၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ဒုတိယနှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) ပဋ္ဌမအကြိမ် တိုင်းသံဃနာယကအဖွဲ့ ဒုတိယနှစ်ပတ်လည် အစည်းအဝေးနှင့် အစားထိုးရွေးချယ်ပွဲ အခမ်းအနားကို ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လရာမာ ကျောင်းတိုက်အတွင်းရှိ စိန္တာမဏိ သိဒ္ဓိဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈နာရီတွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌပြည်မြို့ ဇေတဝနာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်း အဖွဲ့များ တက်ရောက်ကြသည်။

အစားထိုးရွေးချယ်

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိဆရာတော်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တကုဏ္ဍလ ဇောတိက ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး လစ်လပ်သွားသောနေရာများ၌ အစားထိုး ရွေးချယ်တင်မြှောက်သည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တိုင်းသံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တ တေဇိန္ဒက ဝိနိစ္ဆယရေးရာကဏ္ဍကိုလည်းကောင်း၊ အဖွဲ့ဝင် ဘဒ္ဒန္တ ကဝိဓဇနှင့် ဘဒ္ဒန္တ သီဟတို့က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အဖွဲ့ဝင် ဘဒ္ဒန္တ စန္ဒိမာဘက ပညာရေးရာ ကဏ္ဍများကိုလည်းကောင်း အသီးသီး လျှောက်ထားကြသည်။ ယင်းနောက် သဘာပတိ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လက နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားပြီး ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ပဋ္ဌမအကြိမ်ဒုတိယနှစ်ပတ်လည် စုံညီအစည်းအဝေးကို "ဇယန္တော ဗောဓိယာမူလေ" အစရှိသော ဂါထာကို သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် တောင်သုကုန်းရပ်ကွက်ရှိ ဇေယျာသိဒ္ဓိ(မဟာသွံ့သာရဘုရား) ကျောင်းတိုက်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိ စေတီတော် ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပရာ အကြံပေး ပုဂ္ဂိုလ် ဦးအုံမောင်၊ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့် အလှူရှင်များက စိန်ဖူးထော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်အရှင်သူမြတ်တို့ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ရှိ သာသနာ ၂၅၀၀ စေတီတော်မြတ်ကြီး၏ နှစ်(၅၀)ပြည့် ထီးတော်သစ်တင်လှူပွဲ အထိမ်းအမှတ်နှင့် ဖခင် ဦးသာဟန်၏ အသက် (၁၀၂)နှစ်ပြည့်အဖြစ် ဖေဖော်ဝါရီ ၅ ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီးနေသား ဦးတိုးအောင်နှင့် မောင်နှမတစ်စုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ထီးတော်သစ်တင်လှူပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းချစ်ငွေ လက်ခံယူစဉ်။ (၁၀၇)

ထိမ်းမြားမင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ မြင်းခြံမြို့နေ ဦးအောင်ဖေ (အလပြ–ငြိမ်း)–ဒေါ်သီတို့၏သား
ဒေါက်တာကျော်နိုင်ဦး M.B.,B.S, M. Med. Sc (Med: Juris)
အထူးကုဆရာဝန်၊(မှုခင်းဆေးပညာ) စဝ်စံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့

နှင့်

ရန်ကုန်မြို့နေ ဦးဝင်းတင်–ဒေါ်ညိုညိုခင်တို့၏တစ်ဦးတည်းသောသမီး
မဇင်နွယ်ဝင်း B.A (Geography)

တို့၏ ၁၄–၂–၂၀၀၇ ရက်တွင် Yuzana Garden Hotel ၌ ပြုလုပ်သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးသော ဗိုလ်မှူးချုပ်ဝင်းတင်(ငြိမ်း)နှင့်ဇနီး ဒေါ်နီနီတင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော မန္တလေးဆေးတက္ကသိုလ် ဥပဒေရေးရာဆေးပညာပါမောက္ခ ဒေါက်တာဦးမျိုးမင်းနှင့်ဇနီး ရောဂါဗေဒ ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မမအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မသန့်သဥ္ဇာ၊ မင်္ဂလာပန်းကုံးဗန်းနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင် မဒါလီစည်သူတင်၊ သတို့သား၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးသော ဒေါက်တာနေဝင်းထွန်းနှင့် မအေးအေးသန္တာမိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော အဆိုတော် မဟေမာနေဝင်းနှင့် မင်္ဂလာတေးသံသာများသီဆိုပေးသော The Aces တေး ဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်၊ ဆံပင်အလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော ပြည်မြန်မာ ဦးအောင်ထွန်းနိုင်နှင့် အဖွဲ့သားများ၊ မင်္ဂလာဖိတ်စာအား ကူညီလက်ဖွဲ့ပေးသော ဦးဇော်ဇော်နှင့်ဇနီး ဒေါ်သင်းသင်းမာ (ပုံရိပ်ကာလာအော့ဖ်ဆက်)၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ကြသော ပြည်တွင်း၊ ပြည်ပ အနယ်နယ်အရပ်ရပ်မှ ညီ၊ အစ်ကို၊ မောင်နှမနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်း၊ Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာညှော်ခံပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာကျော်နိုင်ဦး–မဇင်နွယ်ဝင်း

မင်္ဂလာဦးဆုတောင်းလွှာ

ဒေါက်တာကျော်နိုင်ဦး နှင့် **မဇင်နွယ်ဝင်း**တို့၏ ၁၄–၂–၂၀၀၇ ရက်တွင် Yuzana Garden Hotel တွင် ကျင်းပခဲ့သော မင်္ဂလာဦးရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ဘဝခရီးလမ်းတစ်လျှောက် ပျော်ရွှင်မှုအပေါင်းနှင့်ပြည့်စုံသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ကိုကိုကြီး – ကိုဇော်ဌေး–မအေးအေးမော်
ကိုကိုလတ် – ကိုကျော်ဌေး–မတင်ညိုဦး
မောင်လေး – ကိုနေဝင်းထွန်း–မမော်နီကာ
တူ၊ တူမများ – ဇော်၊ မျိုး၊ နှင်း၊ လင်း၊ ဖြိုး။ Florida, Naples. U.S.A

စီးပွားရေး ဈေးကွက် ဟောပြောမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရင်းအင်းပညာရှင် ဒေါက်တာတင်လတ်က စီးပွားရေးလုပ်ငန်းများ ပူးပေါင်းခြင်းနှင့် ရှယ်ယာဈေးကွက်သို့ ဝင်ရောက်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကန်တော်ကြီး ပဲလေ့စ်ပိုင်ရှင် ဦးမြိုင်ဟင်းနှင့် ဒေါ်နန်းဖူးတို့ ပရိုကဲဆပ်ပြာကြော်ငြာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ပရိုကဲဆပ်ပြာဈေးကွက် မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၀ ရက် ညတွင် ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ် မြက်ခင်းပြင်၌ Beauty palace ကုမ္ပဏီမှ ကုန်ပစ္စည်းသစ်ဖြစ်သော Procare ကျန်းမာရေးအထောက်အကူပြု ဆပ်ပြာ မိတ်ဆက်ခြင်းအခမ်းအနား ကျင်းပသည်။

ယင်းအခမ်းအနားတွင် အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်များနှင့် ဧည့်သည်များ တက်ရောက်ချီးမြှင့်ခဲ့ပြီး ဖျော်ဖြေရေးအစီအစဉ်များ၊ Procare ဆပ်ပြာကို နိုင်ငံတကာအဆင့်မီ စီမံထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို ဗီဒီယိုပြကွက်များဖြင့် ပြသခဲ့သည်။

Procareဆပ်ပြာသည် ပတ်ဝန်းကျင်လေထုထဲမှ ရောဂါဖြစ်စေနိုင်သော ပိုးမွှားများအန္တရာယ်ကို သုံးစွဲသူအတွက် ၁၂ နာရီကြာ ကာကွယ်ပေးနိုင်သည့် ကျန်းမာရေးအထောက်အကူပြု ဆပ်ပြာအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ၁၁ ရက်က တာမွေမြို့နယ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို အထက(၁) ပင်လုံခန်းမ၌ကျင်းပရာ ဘက်စုံထူးချွန်ဆုပထမ၊ စာပေဘာသာစုံထူးချွန် ပထမ လေးနှစ်ဆက်တိုက်ရရှိသော အထက(၁) တာမွေ အဋ္ဌမတန်း(က)မှ မမေမြတ်နိုးဝေအား မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကော့သောင်းမြို့နယ် အာစရိယပူဇော်ပွဲကျင်းပမည်

ကော့သောင်းမြို့နယ် အာစရိယပူဇော်ပွဲကို ဧပြီ ၈ ရက် နံနက် ၁၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပူဇော်ခံမည့် ဆရာ၊ ဆရာမများ၊ အငြိမ်းစား ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

အလှူငွေထည့်ဝင်လိုပါက–

(၁) ဦးဘိုဘိုအောင် ၀၅၉–၅၁၂၂၅၊ အဏ္ဏဝါရပ်ကွက် ကော့သောင်းမြို့
(၂) ဦးဝင်းကိုကို ၀၉၅–၅၁၄၁၄၊ ရွှေဟင်္သာရပ်ကွက် ကော့သောင်းမြို့
(၃) ဦးမောင်မောင်သောင်း–ဒေါ်ခင်အေးမြင့် ၀၉–၅၀၁၁၅၇၅၊ ၀၁–၇၂၃၄၆၁၊ ဆယ်မိုင်ကုန်း မင်္ဂလာဒုံမြို့နယ် ရန်ကုန်
(၄) ဒေါ်ကြူကြူအေး ၀၁–၂၂၃၁၁၈၊ ၀၉–၅၁၀၄၁၁၈၊ အမှတ်(၈၃)၊ မြေညီထပ် (၈) လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ညှိနှိုင်းအစည်းအဝေးပွဲရှိ၍ တက်ရောက် အကြံဉာဏ်ပေးကြရန် နှိုးဆော်ထားပါသည်။

ဒေါ်နှင်းနန္ဒာအောင် [၉/မရတ(နိုင်)၀၁၁၄၃၃] သိရှိစေရန် နောက်ဆုံးသတိပေးကြေညာချက်

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သီရိဟေမာလမ်း ဦးညိုခြံတွင် နေထိုင်သူ ဒေါ်နှင်းနန္ဒာအောင် မှတ်ပုံတင်အမှတ် [၉/မရတ(နိုင်)၀၁၁၄၃၃] သိစေရန် Lion Myanmar Co., Ltd. ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း နောက်ဆုံးသတိပေးကြေညာအပ်ပါသည်။

လူကြီးမင်းသည်(၁၃–၂–၂၀၀၇)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြန်လည်ချေပ အသိပေးကြေညာချက်ကို ထည့်သွင်းကြေညာခဲ့ရာ၌ အလုပ်မှနုတ်ထွက်လိုကြောင်း နည်းလမ်းတကျ လျှောက်ထားဆောင်ရွက်ခဲ့ခြင်း၊ နုတ်ထွက်ခွင့်ပြုကြောင်း တရားဝင်ခွင့်ပြုမိန့်ရရှိခဲ့ခြင်းအလျှင်းမရှိပါဘဲလျက် နည်းလမ်းတကျ ဆောင်ရွက်ခဲ့ပြီး အလုပ်မှနုတ်ထွက်ခွင့် ခွင့်ပြုမိန့်ရခဲ့ဘိသကဲ့သို့လည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဒေါ်အေမာမျိုးသိန်းမှ စစ်ဆေးအတည်ပြုရန် မဆိုထားနှင့် စတိုလက်ကျန်ပစ္စည်းများကို စာရင်းနှင့်တကွ နည်းလမ်းတကျ စာရင်းစစ်ဖြင့် စစ်ဆေးမှုခံယူရန် ဆင့်ခေါ်ခဲ့ရာ လုံးဝခံယူခြင်းမပြုဘဲ လုပ်ငန်းခွင်မှ မိမိသဘောအလျောက် ထွက်ခွာသွားခဲ့ပါလျက် စာရင်းအင်းလုပ်ထုံးလုပ်နည်းတို့နှင့်အညီ စာရင်းရှင်းလင်းစစ်ဆေးအတည်ပြုဘိသကဲ့သို့လည်းကောင်း ပြန်လည်ချေပကြေညာချက်သည် အများပြည်သူတို့က ကုမ္ပဏီနှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့တို့အပေါ် ထင်ယောင်ထင်မှား ဖြစ်စေရာရောက်သဖြင့် ကုမ္ပဏီနှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့တို့၏ အမည်သတင်းကောင်းနှင့် ဂုဏ်သိက္ခာ အသရေတို့ကို ထိခိုက်နစ်နာစေပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်း၏ မမှန်မကန် ပြန်လည်ချေပကြေညာချက်နှင့်စပ်လျဉ်း၍ ကုမ္ပဏီနှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့တို့အပေါ် (၅)ရက်အတွင်း သတင်းစာတွင် ထည့်သွင်းကြေညာ၍ ခြွင်းချက်မရှိ ဝန်ချတောင်းပန်ရန် တောင်းဆိုလိုက်သည်။ ထို့အပြင်(၁၀–၂–၂၀၀၇)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ သတိပေးကြေညာချက်ကို ဒါရိုက်တာအဖွဲ့မှ ထပ်မံစွဲမြဲအတည်ပြုလျက် ယင်းသတိပေးကြေညာချက်ပါနည်းလမ်းအတိုင်း အရေးယူဆောင်ရွက်မည့်အပြင် ယခုတောင်းဆိုချက်ကို လိုက်နာခြင်းမရှိပါက ထပ်မံပေါ်ပေါက်လာမည့် ထိခိုက်နစ်နာစေမှုအပေါ်တွင်ပါ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း နောက်ဆုံးသတိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဦးမျိုးတင့်
တရားရုံးချုပ်ရှေ့နေ

ငြိမ်းချမ်းရေးကို အသာငမ်းငမ်း တောင့်တနေကြသည့် ကရင်တိုင်းရင်းသားများ၏ ဆန္ဒနှင့်အညီ KNU/KNLA ငြိမ်းချမ်းရေးကောင်စီက ငြိမ်းချမ်းရေးမီးရှူးတိုင်ကြီး ထွန်းညှိပေးလိုက်ပြီ

ငြိမ်းချမ်းရေးအခြေခံဒေသများ၌ ရွာပုန်းရွာရှောင်ဟူ၍မရှိ၊ ဒုက္ခသည်စခန်းဟူ၍မရှိ ကရင်ပြည်နယ်သူ၊ ပြည်နယ်သားများအားလုံး လွတ်လပ်ပျော်ရွှင်စွာ နေထိုင်နိုင်ကြပြီ

ကျန်နေသေးသည့် ကရင်လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ငြိမ်းချမ်းရေး အမြန်ရယူတည်ဆောက်ကြရန် တိုက်တွန်း အေးချမ်းသာယာစွာ လက်တွဲနေထိုင်ကြဖို့ KNU/KNLA ရဲဘော်များအားလုံးကို နွေးထွေးစွာပိတ်ခေါ်

ကရင်အမျိုးသားအစည်းအရုံး(KNU)/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ တပ်မဟာ(၇) တပ်မဟာမှူး ဗိုလ်ချုပ်ထွေးမောင် ခေါင်းဆောင်သော တပ်ဖွဲ့ဝင် ၃၀၉ဦးနှင့် မိသားစုဝင် ၁၁ ဦး စုစုပေါင်းအင်အား ၃၂၀ သည် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို နားလည်ယုံကြည်လက်ခံပြီး ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထိုကော်ကိုးကျေးရွာ၌ ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ကြသည်။(အပေါ်ပုံ)

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်က CSW အဖွဲ့၏ အစီရင်ခံစာအပေါ် တုံ့ပြန်ချက်ထုတ်ပြန်

မြန်မာနိုင်ငံ၌ ကိုးကွယ်မှုဘာသာကြီးများ ညီညွတ်အေးချမ်းစွာ ယှဉ်တွဲတည်ရှိ CSW အဖွဲ့၏ အစီရင်ခံစာသည် ယိုးစွပ်မှုများသာဖြစ်ပြီး လုံးဝအခြေအမြစ်မရှိ

နိုင်ငံရေးအမြတ်ထုတ် စွက်ဖက်လှုံ့ဆော်ခြင်းဖြစ်၍ ကန့်ကွက်ရှုတ်ချ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်ကြိုးကိုင်နိုင်ရေးအတွက် အနောက်နိုင်ငံကြီးအချို့နှင့် အပေါင်းပါများက မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သည့် အကြောင်းပြစွပ်စွဲချက်များကို လုပ်ကြံဖန်တီး ထုတ်လွှင့်လျက်ရှိသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ကမ္ဘာ့ခရစ်ယာန်စည်းလုံးညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide-CSW) ကလည်း ၂၃-၁-၂၀၀၇ရက်စွဲဖြင့် မြန်မာနိုင်ငံအတွင်း ခရစ်ယာန်ဘာသာဝင်များ ဖိနှိပ်ခံနေရကြောင်း အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင်လွဲမှားအောင် ပူးပေါင်းကြံစည်လုပ်ဆောင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ▶

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၄-၂-၂၀၀၇

မင်းကင်း

၀ ဒသမ ၃၂ လက်မ

ဟုမ္မလင်း၊ မော်လိုက်နှင့် ကလေးဝ

၀ ဒသမ ၂၀ လက်မစီ

ကလေး

၀ ဒသမ ၁၆ လက်မ

ဟားခါးနှင့် ခန္တီး

၀ ဒသမ ၁၂ လက်မစီ

မြစ်ကြီးနား

၀ ဒသမ ၀၄ လက်မ